ကြေးမုံ
The Mirror

၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (10-2-2010) (၆၁၁၀)

တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်

ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ထောက်ခံဆန္ဒမဲဖြင့် အတည်ပြုခဲ့ပြီးဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်း တည်ဆောက်ခြင်းနှင့် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ခြင်းတို့ကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ငါးသိုင်းချောင်း-ဂွ လမ်းပိုင်း အခြေအနေများ စစ်ဆေး

နေပြည်တော်   ဖေဖော်ဝါရီ   ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ် နယ်စပ်မိုင်တိုင်အမှတ်(၂၈/၆)ရှိ ဗေဒါစခန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက ငါးသိုင်းချောင်း-ဂွ-သံတွဲ-တောင်ကုတ်လမ်းပိုင်းများ ပြင်ဆင်ထိန်းသိမ်းမှုနှင့် ဆက်လက်ပြုပြင်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက သတ်မှတ်ချိန်အမီပြီးစီးရေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

ရန်ကုန် - စစ်တွေ မော်တော်ကား လမ်းမပေါ်ရှိ မင်းချောင်းတံတားကြီးကို ဤသို့ ခိုင်မာတောင့်တင်းစွာ တွေ့မြင်ရပုံ။

(၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု သတင်းဆောင်းပါး

ဖွံ့ဖြိုးဝေစည်လာသည့် ဓညဝတီ ရခိုင်ပြည်နယ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ထူးခြားသော ဝိသေသမှာ ပြည်ထောင်ဖွား ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများ၊ တိုင်းရင်းသားမျိုးနွယ်စုများသည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြလျက် ဥမကွဲ သိုက်မပျက် ရှေးပဝေသဏီကပင် စည်းလုံးညီညွတ်စွာ၊ ချစ်ကြည်ရင်းနှီးစွာ အတူတကွနေထိုင်လာခဲ့သည့် ကောင်းမွန်သော ညီညွတ်ခြင်းအနှစ်သာရများ လွှမ်းခြုံဖြစ်တည်လျက် ရှိခြင်းပင်ဖြစ်သည်။

အတိတ်သမိုင်းတွင် ကိုလိုနီနယ်ချဲ့တို့ မြန်မာနိုင်ငံကို စိုးမိုးခဲ့စဉ်က သွေးခွဲအုပ်ချုပ်ခဲ့မှု၏ အကျိုးဆက်အဖြစ် တိုင်းရင်းသားအချင်းချင်း ယုံမှားသံသယပွားကာ ညီညွတ်မှုပြိုကွဲပြီး အချို့ဒေသများ၌ အေးချမ်းတည်ငြိမ်မှုမရှိခဲ့ပေ။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အချင်းချင်း အထင်အမြင်လွဲမှားကာ တစ်ဦးနှင့်တစ်ဦး ချစ်ခင်စည်းလုံးမှု အားနည်းခဲ့ရပေသည်။

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း
သတင်းထောက်စဉ့်ကူစိုးဝင်း

အဆင်အပြင် - ဖြိုးစန္ဒာမြင့်

သဘာဝတောတောင်၊ မြစ်ချောင်း၊ ပင်လယ်တို့ဖြင့် ပိုင်းခြားနေမှုကြောင့်လည်း နီးလျက်ဝေးကာ အဆက်အဆံ သွေးအေးခဲ့ရသည်။ တည်ငြိမ်အေးချမ်းမှု အားနည်းခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်ပြီး အခြေခံအဆောက်အအုံများ ဖော်ချမဆောင်ရွက်နိုင်ခဲ့ပြန်ရာ ယခင်ကာလက နယ်စပ်ဒေသများသည် ဖွံ့ဖြိုးတိုးတက်မှုများစွာ နောက်ကျကျန်ရစ်ခဲ့ရသည်။

ယခုအခါတွင် အတိတ်ကိုသုံးသပ်၍ အနာဂတ်ကိုဆင်ခြင်၊ ပစ္စုပ္ပန်တွင် **စာမျက်နှာ ၆ ကော်လံ ၁ သို့** ✤

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၁၀-၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

ကြက်ငှက်တုပ်ကွေးရောဂါ သတိပြုကာကွယ်

ကြက်ငှက်တုပ်ကွေးသည် အများအားဖြင့် တောင်ပံပါသော သတ္တဝါများကို ကူးစက်တတ်သော ရောဂါတစ်မျိုးဖြစ်သည်။ အဆိုပါရောဂါသည် အများအားဖြင့် ကြက်၊ ငှက်၊ ဘဲတို့၌သာ ဖြစ်လေ့ရှိသော်လည်း လူသို့လည်း ကူးစက်နိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

အိမ်မွေးကြက်၊ ဘဲတို့တွင် ကြက်ငှက်တုပ်ကွေးဖြစ်ပွားပါက ကြက်များ အနေအထိုင်ကုပ်သွားခြင်း၊ ဥစားကြက်မများတွင် ဥနှုန်းကျဆင်းခြင်းတို့သာ ဖြစ်တတ်သဖြင့် သတိမမူမိကြပေ။ တုပ်ကွေးအပြင်းစားမှာ အလွန်လျင်မြန်ပြီး ကြက်များအသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့် နှာရည်ကျခြင်း၊ ဦးခေါင်းနှင့် မျက်နှာဖောရောင်ခြင်း၊ ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီအစက်အပြောက်များ ပေါ်လာကာ သေဆုံးနှုန်းမြင့်မားသည်ကို တွေ့ရသည်။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဥစားကြက်ကောင်ရေ နှစ်ထောင်ကျော် မွေးမြူထားသည့် ကြက်မွေးမြူရေးခြံတစ်ခြံတွင် သံသယဖြစ်ဖွယ် သေဆုံးမှုရှိကြောင်းသိရသဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကွင်းဆင်းစစ်ဆေးခဲ့သည်။ အဆိုပါ မွေးမြူရေးခြံမှ ကြက်သေများကို တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၌ စစ်ဆေးခဲ့ရာ အပြင်းစားကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သဖြင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်သည်။

အဆိုပါကြက်ခြံမှ ကျန်ရှိသည့် ကြက်များ၊ ကြက်ဥ၊ အစားအစာများနှင့် ပတ်ဝန်းကျင်ရှိ ကြက်၊ ဘဲများကို ရောဂါထိန်းချုပ်ရေးနည်းလမ်းများနှင့် အညီဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ကြက်ငှက်တုပ်ကွေးရောဂါကို စနစ်တကျ ထိန်းချုပ်ကာကွယ်ခြင်း မပြုပါက အိမ်မွေးကြက်ငှက်များမှ လူသို့လည်း တိုက်ရိုက်ကူးစက်နိုင်သည်။ အထူးသဖြင့် ရောဂါပိုးရှိသော ကြက်ငှက်များကို ထိတွေ့ခြင်း၊ ကြက်ငှက် ရောဂါပိုးရှိသော နေရာ၊ ပစ္စည်းများကို ကိုင်တွယ်မိခြင်းတို့ကြောင့် ရောဂါ ဖြစ်ပွားနိုင်သဖြင့် သတိပြုကြရမည်ဖြစ်သည်။

ကြက်၊ ဘဲမွေးမြူရေးခြံများ၌ ဇီဝလုံခြုံမှုနှင့် ပိုးသန့်စင်မှုမြင့်တင် ဆောင်ရွက်ခြင်း၊ ရောဂါဖြစ်ပွားပါက သက်ဆိုင်ရာသို့ အမြန်အကြောင်းကြားခြင်း၊ ကြက်သား၊ ကြက်ဥ စသည့်ပစ္စည်းများကို ကိုင်တွယ်ပြီးပါက ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း၊ ကြက်ငှက်မွေးမြူသယ်ဆောင်ရောင်းဝယ်သူများအားလုံး တစ်ကိုယ်ရေသန့်ရှင်းရေး အလေးထားဆောင်ရွက်ကြခြင်းတို့ဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေး သတိပြုကာကွယ်သွားကြရမည်ဖြစ်ပါသည်။ ။

ပြည်သူ့ သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တောင်ဥက္ကလာပမြို့နယ် မီးသတ်စခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ မီးသတ်စခန်းများစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်၊ တာမွေမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မီးသတ်စခန်းများသို့ ရောက်ရှိရာ မြို့နယ်မီးသတ်ဦးစီးအရာရှိနှင့် စခန်းတာဝန်ခံတို့က မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက သင့်(၄)သင့်ဖြစ်သော စက်အသင့်၊ လူအသင့်၊ ရေအသင့်၊ စက်သုံးဆီအသင့်ရှိရေး၊ ၂၀၀၉ ခုနှစ်တွင် ယခင်နှစ်များထက် မီးလောင်မှုအကြိမ် လျော့နည်းကျဆင်းခဲ့သည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းပြီး မီးလောင်မှုများ ယခုထက်ပိုမိုကျဆင်းရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန်နှင့် မီးသတ်ယာဉ်များ ကြံ့ခိုင်ကောင်းမွန်ရေး၊ လျှပ်စစ်မီးခြိုးခြံချွေတာသုံးစွဲရေး၊ စက်သုံးဆီများ စနစ်တကျသုံးစွဲရေး၊ နေအိမ်လိုင်းခန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းဆောင်ရွက်ရေး၊ တပ်ဖွဲ့ဝင်များ စည်းကမ်းသေဝပ်မှုနှင့် စခန်းသန့်ရှင်းသာယာလှပရေး၊ ပြည်သူချစ်ခင်အားကိုးရသော မီးသတ်တပ်ဖွဲ့ဝင်များဖြစ်အောင် လိုက်နာကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။ ယင်းနောက် ဝန်ကြီးသည် တာမွေမြို့နယ် မီးသတ်စခန်းခွဲ၌ ဝန်ထမ်းနေအိမ်လိုင်းခန်း တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြစ်ကြီးနားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

မြစ်ကြီးနားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ရွေးချယ်တင်မြှောက်ပွဲနှင့် မျက်နှာစုံညီအစည်းအဝေးကို ဇန်နဝါရီ ၃၀ရက် မွန်းလွဲ ၂နာရီက မြစ်ကြီးနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် ဦးဆွေလင်း (မေမြို့ဆွေလင်း)က ဆောင်ရွက်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးဇော်ဝင်းထင်နှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကြည် (ရွှေမြာလှဝင်းဆွေ) တို့က အမှာစကား ပြောကြားကြသည်။

အစီအစဉ်အရ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဦးကျော်ဆန်းဦး (မောင်ရည်ကျော်-ရှုပ) နှင့်ဦးခင်မောင်အေး (မြစ်ငယ်ကျော်မော်) တို့က ဖတ်ကြားကာ သဘာပတိက အတည်ပြုပေးသည်။

ထို့နောက် အမှုဆောင်အဖွဲ့သစ်ကို ပြန်လည်ရွေးချယ်ရာ ဥက္ကဋ္ဌ ဦးစိုင်းထိန်လင်း(ခွန်ဂျာလင်း)၊ ဘဏ္ဍာရေးမှူး ဦးရန်နိုင်ဘုန်းမြင့် (ရန်နိုင်ဘုန်းမြင့်)၊ အတွင်းရေးမှူး ဦးခင်မောင်အေး (မြစ်ငယ်ကျော်မော်)တို့နှင့် အမှုဆောင်အဖြစ် ဦးသန်းနိုင် (ထီလာသန်းနိုင်)၊ ဦးစောမြင့်ဆွေ (စောနဒီ-မြစ်ကြီးနား) တို့အား ရွေးချယ်ကြကြောင်းသိရသည်။

(မြို့နယ်စာနယ်ဇင်း)

အောင်ချက်မြင့်မားရေး ဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်အလိုက် ဟောပြောပွဲကို ဇန်နဝါရီ ၂၃ ရက်က လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုမြို့ ကနောင်ခန်းမ၌ ကျင်းပသည်။

မြန်မာစာတွဲဖက်ပါမောက္ခ ဦးလှထွန်း (နာဂသိန်)၊ ဓာတုဗေဒဦးသန်းဖေမြင့်၊ သင်္ချာပါမောက္ခ ဦးအေးမောင်၊ ဇီဝဗေဒ ဦးဟန်အေး၊ ဘောဂဗေဒကထိက ဦးဘုန်းနိုင်၊ အင်္ဂလိပ်စာ ဒေါ်ဇင်ဦးမြင့်နှင့် ရူပဗေဒဘာသာ ဦးကျော်ဇေယျ တို့က ဘာသာရပ်အလိုက် သင်ကြားပို့ချခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၃၂၉)

၁၉၉၄-၁၉၉၅ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၉

၁၉၉၄ခုနှစ်-၁၉၉၅ ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၇ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီ မှ ည ၉ နာရီအထိ ဘုရင့်နောင်လမ်း ရေကြောင်းသိပ္ပံကျောင်းရှေ့ ရွှေမာလာရိပ်မွန်ရှိ Lion City Restaurant ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ဦးသန့်ဇင် ဖုန်း-၀၉-၅၀၁၁၉၅၉၊ ဦးကိုကိုလေး ဖုန်း-၀၉-၈၀၃၄၀၅၉၊ ဦးရဲနိုင် ဖုန်း-၀၉-၅၁၃၅၃၈၀၊ ဦးထွန်းဇော်သောင်း ဖုန်း-၀၉-၅၀၀၁၃၉၁၊ ဦးဟန်အေး ဖုန်း-၀၉-၈၇၃၀၁၃၂၊ ဦးနေလင်းအောင် ဖုန်း-၅၀၇၄၃၇၊ ဒေါ်ငွေငွေအောင် ဖုန်း-၀၉-၅၀၇၀၂၈၄၊ ဒေါ်ထားထားလွင် (၁၉၉၅ နှင်းဆီ) ဖုန်း-၀၉-၅၅၀၆၈၀၇၊ ၀၉-၅၁၁၀၂၂၇နှင့် ဒေါ်အေးသန္တာခိုင် (၁၉၉၅ ကံ့ကော်) ဖုန်း-၀၉-၅၀၀၄၉၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရောဝတီတံတား(စင်းခန်း)ရေလမ်း၌ ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းသတ်မှတ်ထား

နေပြည်တော် ဖေဖော်ဝါရီ ၉

ဧရာဝတီမြစ်ကူးတံတား (စင်းခန်း) တည်ဆောက်ရေးစီမံကိန်း၏ လုပ်ငန်းခွင်ဧရိယာ၌ ပင်မရေလယ်တိုင်လုပ်ငန်းဖြစ်သော ရေလယ်တိုင်အမှတ်(၅)၊ အမှတ်(၆)နှင့် အမှတ်(၇) တို့၏ ဘိုးပိုင်အုတ်မြစ်လုပ်ငန်းများကို တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိသဖြင့် အဆိုပါရေလမ်းအတွင်း ဖြတ်သန်းသွားလာသော ရေယာဉ်များ အန္တရာယ်ကင်းရှင်းစေရေးအတွက် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဖေဖော်ဝါရီ ၉ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၇)နှင့် (၈) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၆)နှင့် (၇)အကြားမှလည်းကောင်း သတ်မှတ်ဖွင့်လှစ်မည်ဖြစ်သည်။ ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၁၁၂ မီတာရှိသည်။

တည်ဆောက်လျက်ရှိသော ရေလယ်တိုင်နှစ်ခုအကြားမှ ဖြတ်သန်းရာတွင် ရေယာဉ်များ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်း ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့ကို ချိန်ဆ၍လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဟသ်္သာတအသင်းတိုက် အဆောက်အအုံသစ်ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်မြို့ အမှတ်(၁၈၄-၁၈၆) ၄၅ လမ်းအထက်ဘလောက် ဗိုလ်တထောင်မြို့နယ် ဟသ်္သာတအသင်းတွင် မြို့နယ်သူ၊ မြို့နယ်သားများ၊ အသင်းသား၊ အသင်းသူများ၊ အသင်း၏ မိတ်ဆွေသင်္ဂဟများ၏ လှူဒါန်းငွေများဖြင့် ဟသ်္သာတအသင်းတိုက် သုံးထပ်အဆောက်အအုံသစ်ကြီး ဆောက်လုပ်ပြီးစီးပြီဖြစ်ရာ အဆောက်အအုံသစ်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီတွင် ဟသ်္သာတအသင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၀-၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၀ ၅။ မေးမြန်းစူးစမ်း
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင်
- ၅း၂၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၃၀ ၉။ ကျန်းမာသုတ
- ၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ **Mail Box**
- ၆း၄၅ ၁၄။ ကာတွန်းအစီအစဉ် -လူစွမ်းကောင်းလေးဖော် (အပိုင်း-၁၁)
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်သူ့မေတ္တာ (အပိုင်း-၁၉)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ အိုင်စီတီသုတ
- ၂၁။ ရယ်ရွှင်စရာဟာသပဒေသာ -ဗီရိုကြီးနဲ့ ချစ်ဒုက္ခ (လျှမ်းပြည့်၊ ဇေရာ၊ ဖိုးကျော်အံ့မင်းညို၊ စိုးပြေ၊ လင်းဇာနည်ဇော်၊ အေးသီတာ) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရှက်ဦးအချစ် (အပိုင်း-၃၀)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

❍ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်အတူ ငါးသိုင်းချောင်း-ဂွလမ်း မိုင်တိုင်အမှတ် (၃၅/၅) မှ (၃၅/၆) အကြား၌ မြေထိန်းနံရံတည်ဆောက်နေမှုနှင့် မိုင်တိုင်အမှတ် (၃၈/၁) မှ (၃၈/၂) အကြား လမ်းလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၅၄/၃) ရှိ ပျဉ်းကတိုး စိုက်ခင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းတွင် ဂွမြို့တပ်နယ်ခန်းမ၌ ဂွတပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဂွမြို့ အောင်မင်္ဂလာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် တိုင်းမှူးတို့က သွပ်၊ ဘိလပ်မြေ၊ ဗလာစာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းကြသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဂွမြို့ ဖောင်တော်ဆိပ်ကမ်း ချဉ်းကပ်လမ်းတည်ဆောက်မည့်နေရာနှင့် ဆိပ်ခံတံတားကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆိပ်ခံတံတားနှင့် အနီးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဂွ-သံတွဲလမ်း မိုင်တိုင်အမှတ် (၆၆/၅) မှ (၇၀/၁) အထိ လမ်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျိန္တလီတံတားသို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက ကျိန္တလီတံတား ဂွဘက်ခြမ်း ချဉ်းကပ်တံတားတိုးချဲ့ဆောက်လုပ်နေမှုများကို ရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက တံတား၏ကြံ့ခိုင်မှုနှင့် ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကိုမှာကြားသည်။ ထို့နောက် ကျိန္တလီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအားတွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက် ရေး ဆိုင်ရာများနှင့် စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် တိုင်းမှူးတို့က သွပ်၊ ဘိလပ်မြေ၊ ဗလာစာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် အဖွဲ့ဝင်များသည် သံတွဲ-သပြုချိုင် ကားလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြပြီး နယ်မြေခံတပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအားတွေ့ဆုံကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ငါးသိုင်းချောင်း -ဂွလမ်းပိုင်းတွင် မြေထိန်းနံရံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဝန်ကြီးဌာန အရာရှိအဆင့် အခြေခံအင်္ဂလိပ်စာသင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အရာရှိအဆင့် အခြေခံအင်္ဂလိပ်စာ သင်တန်းဆင်းပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၉

သာသနာရေးဝန်ကြီးဌာန အရာရှိအဆင့် အခြေခံအင်္ဂလိပ်စာ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်အမှာစကားပြောကြားပြီး ထူးချွန်ဆုများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်း၌ သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် အငြိမ်းစားပါမောက္ခ ဦးမောင်မောင်လေးက သင်ကြားပို့ချခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမြင့်ကာ သင်တန်းသား၊ သင်တန်းသူအရာရှိ ၂၅ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၉

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ ၆၊ အမှတ် ၆ တွင် ၂၀၀၈ အကယ်ဒမီမြင့်ကွင်းကျယ်ပုံရိပ်များ၊ အနုပညာရပ်ဝန်းမှ အကယ်ဒမီပွဲတင်သံများ၊ ပွဲတက်ဖက်ရှင်များ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

အပတ်စဉ်ပါနေကျဖြစ်သော "Political Times" အထူးအချပ်ပိုအပါအဝင် "မအအောင် သမိုင်းသင်၊ လူငယ်များ၊ သမိုင်းဖြစ်စဉ်လေ့လာမှု ပိုမိုအားထုတ်ဖို့ လိုလာ" မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ 'ခေတ်ဟောင်းသတင်းစာများကပြောသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ' ဆရာမောင်စူးစမ်း၏ "နိုင်ငံရေးဦးနှောက်ထဲ ဘယ်သင်းလွှမ်းမိုး"၊ ဆရာဦးကိုကိုလှိုင်၏ "ဒီယံပဿမာရဿံ"စသည့် နိုင်ငံရေးအတွေးအမြင်ဆောင်းပါးများ၊ သုံးနှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါပိုး ပထမဆုံးပြန်လည်တွေ့ရှိ၊ ယခုနှစ်တွင် ပထမဆုံးအကြိမ် လူတုပ်ကွေးရောဂါ လူလေးဦးတွင် ပြန်တွေ့ရ၊ စားအုန်းဆီဈေး အကျဘက်သို့ ဆက်လက်ဦးတည်၊ အက်ဖ်အီးစီဈေး ဒေါ်လာအပေါ်တွင်ရှိနေဆဲဖြစ်၊ "မြန်မာနေရှင်နယ်လိဂ် ပေါ်ထွန်းလာခြင်းဟာ မြန်မာဘောလုံးအကျော်အမော်တွေ ပေါ်ပေါက်လာဖို့ အခွင့်အလမ်းတစ်ရပ်ဖြစ်သလား" Yangon Forum ကဏ္ဍသစ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "Money Changer များနှင့် အသုံးဝင်မှု"၊ "ပြင်သစ်မော်ဒယ်ရွေးပွဲမှာ မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်ပြီး နိုင်ငံတကာကို ထိုးဖောက်ဖို့စဉ်းစားထားတယ်" ချမ်းချမ်းနှင့် လိုတိုဗျူးစသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

တရုတ်က အမေရိကန်နှင့် စစ်ရေးဆက်ဆံမှုရပ်ဆိုင်း၊ တရုတ်တောင်ပိုင်း တောင်ထူထပ်သောဒေသတွင် မိုးခေါင်သဖြင့် ရေအခက်ကြုံ၊ ကမ္ဘာလှည့် စက်ဘီးသမားတစ်ဦး စင်ကာပူတွင် စက်ဘီးအခိုးခံရ၊ "လန်ဒန်မြောက်ပိုင်း ဆောက်ဂိတ်တွင် အိမ်ငှားက အိမ်ရှင်ကိုသတ်မှု ဖြစ်ပွား" မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ "ပြောရဦးမယ် သူတို့က ဒီလိုတဲ့" ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁/၂၀၁၀)ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက မိသားစုများ၏ ဝင်ငွေတိုးလုပ်ငန်းအစီအစဉ်အတွက် ရည်ရွယ်ဖွင့်လှစ်သော အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁/၂၀၁၀)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် သင်တန်းပို့ချနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)** အဆိုပါသင်တန်းကို ယနေ့မှ မတ် ၂၄ ရက်အထိ ၄၅ ရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နှင့် နေပြည်တော် လယ်ဝေးမြို့နယ်တို့မှ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ၃၃ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

အင်းစိန်မြို့နယ် အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃၁ ရက်က ကျင်းပရာ ကျောင်းသားဟောင်း ဦးအောင်နန္ဒာထွန်းက ကျောင်းအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းဇော်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ငါးသိုင်းချောင်းအသင်း(ရန်ကုန်) အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ငါးသိုင်းချောင်းအသင်း (ရန်ကုန်) တတိယအကြိမ် သင်းလုံးကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၂ ရက် (သောကြာနေ့) နံနက် ၉ နာရီမှ နံနက် ၁၁ နာရီထိ အမှတ်(၁၃၆) ပထမထပ် ဗားကရာလမ်း စမ်းချောင်းမြို့နယ်ရှိ အသင်းတိုက်၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ငါးသိုင်းချောင်းနယ်သူ၊ နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်းသိရသည်။ (ကြေးမုံ)

ကြေးနီသတ္တု တူးဖော်ထုတ်လုပ်မှုနည်းစနစ် နှိုင်းယှဉ်လေ့လာခြင်း စာတမ်းဖတ်ပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူးကျင်းပသော ချီလီနိုင်ငံ အက်စ်ကွန်ဒီဒါး ကြေးနီသတ္တုတွင်းနှင့် မြန်မာနိုင်ငံ အမှတ်(၁)ကြေးနီသတ္တုတွင်းတို့၏ "ကြေးနီသတ္တုတူးဖော်ထုတ်လုပ်သန့်စင်ခြင်း၊ ထုတ်လုပ်မှုစနစ်တို့ကို နှိုင်းယှဉ်လေ့လာခြင်း" စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် (စနေနေ့) နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ (လှိုင်မြို့နယ်)တက္ကသိုလ်များ လှိုင်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် ဦးစောလင်း အထွေထွေမန်နေဂျာ(ငြိမ်း) အမှတ်(၁) ကြေးနီသတ္တုတွင်းက ဖတ်ကြားမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၆ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ အခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသော အနာကြီးရောဂါ ကင်းဝေးရေး အထိမ်းအမှတ်နေ့ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း စံပယ်ဆောင်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး တိုင်းကျန်းမာရေးဦးစီးဌာနမှူးက ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏သဝဏ်လွှာကို ဖတ်ကြားသည်။

ပေးအပ်

ထို့နောက် တိုင်းမှူးက အနာကြီးရောဂါ ကင်းဝေးရေး အထိမ်းအမှတ်နေ့ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် အနာကြီးရောဂါ တိုက်ဖျက်ရေး ပညာပေးဇာတ်လမ်းကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တိုင်းအဆင့် သတ္တမအကြိမ်မြောက် အနာကြီးရောဂါ ကင်းဝေးရေး အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်စဉ်။ (သတင်းစဉ်)

ဥတုရာသီ တောကိုမို၏

ဖေဖော်ဝါရီ ၉ ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ ၂၀၁၀ တရုတ်ရိုးရာနှစ်သစ်ကူး ညစာစားပွဲတော်သို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Ye Dabo နှင့်ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အီဂျစ်အာရပ်သမ္မတနိုင်ငံနှင့် ဆူဒန်သမ္မတနိုင်ငံတို့မှ ဒုတိယဝန်ကြီး ဦးမောင်မြင့် ပြန်လည်ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂ ရက်နှင့် ၃ ရက်တို့တွင် အီဂျစ်အာရပ်သမ္မတနိုင်ငံ ကိုင်ရိုမြို့၌ ကျင်းပသည့် တတိယအကြိမ် မြန်မာ-အီဂျစ် နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲသို့ လည်းကောင်း၊ ဖေဖော်ဝါရီ ၅ ရက်မှ ၇ ရက်အထိ ဆူဒန်သမ္မတနိုင်ငံ ခါတွန်မြို့၌ ကျင်းပသည့် ပထမအကြိမ် မြန်မာ-ဆူဒန် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲသို့လည်းကောင်း တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

မြန်မာ-အီဂျစ် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ကျင်းပသည့် တတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ ရက်တွင် အီဂျစ်အာရပ်သမ္မတနိုင်ငံ ကိုင်ရိုမြို့ရှိ အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အီဂျစ်အာရပ်သမ္မတနိုင်ငံ အာရှရေးရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး H.E.Ahmed Fatahllah ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။

(ဝဲပုံ)

အဆိုပါ ဆွေးနွေးပွဲတွင် ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုမြင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှုနှင့် ပညာရေး၊ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုနှင့် ခရီးသွားလာရေးလုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအပြင် ကုလသမဂ္ဂနှင့် ဘက်မလိုက်လှုပ်ရှားမှု အပါအဝင် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၌ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် အီဂျစ်အာရပ်သမ္မတနိုင်ငံ အာရှရေးရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီးက မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၃ ရက်တွင် အီဂျစ်အာရပ်သမ္မတနိုင်ငံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဝန်ကြီး H.E.Mr. Moharmed Zoheir Garranah အား ၎င်း၏ ရုံးခန်းသို့သွားရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေး၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ပထမအကြိမ် မြန်မာ-ဆူဒန် နိုင်ငံခြားရေးဝန်ကြီးဌာနများ အကြား ညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်ရန် ဖေဖော်ဝါရီ ၄ရက်တွင် ဆူဒန်သမ္မတနိုင်ငံ ခါတွန်မြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၀-၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ မျိုးမြိုးကြွကြွယဉ်ကျေးမှုအက
- ၈း၁၀ ၇။ "ကြားညှပ်သီးနှံဖရဲ"
- ၈း၁၅ ၈။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ "ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင်"
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၃၀ ၁။ ပြည်ထောင်စုဒိုင်းပြည်နယ်နှင့် တိုင်း(အလွတ်တန်း)ဘောလုံး ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ (မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း)
- ၅း၀၀ ၂။ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (သမိုင်းဘာသာရပ်)
- ၅း၂၅ ၃။ စူပါတေးသံရှင်ရွေးချယ်ပွဲ
- ၅း၅၀ ၄။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၆း၀၀ ၅။ ညနေခင်းသတင်း
- ၆း၁၅ ၆။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၇။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆း၃၅ ၈။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇း၀၅ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၇း၃၅ ၁၀။ "ပြည်ထောင်စုစိတ်ဓာတ်မပြတ် ရင့်သန်ခိုင်မာရန်မှာဒို့ဝန်တာ" (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
- ၈း၀၀ ၁၁။ ပြည်တွင်းသတင်း
- ၁၂။ "ပြည်ထောင်စုစိတ်ဓာတ်မပြတ် ရင့်သန်ခိုင်မာရန်မှာဒို့ဝန်တာ" (ပြည်ထောင်စုရဲ့ နေပြည်တော်)
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၁၉)**
- ၁၆။ **မြန်မာရုပ်ရှင် "နေကျောက်ခဲ" (ကျော်ဟိန်း၊ ခင်သီတာထွန်း၊ ဆွေဇင်ထိုက်) (ဒါရိုက်တာ-သင်းသင်းယု)**
- ၁၇။ အစီအစဉ်ပြီး၏။



ရေဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုနှင့် သာယာလှပရေး ဆောင်ရွက်ထားရှိမှုအား တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးနိုင်ထွေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလင်းသက်ထွန်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

Concordia Int'l Co.,Ltd. မှ မြို့ကြီးသုံးမြို့တွင် နည်းပညာပြပွဲနှင့်အထူးဈေးရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

Concordia Int'l Co.,Ltd. မှ နည်းပညာပြပွဲနှင့် အထူးဈေးရောင်းပွဲတော်ကို ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့ရှိ Concordia Show Room များ၌ ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၉ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ တစ်ပြိုင်နက်တည်း ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဈေးရောင်းပွဲတော်၌ Fuji Xerox အမှတ်တံဆိပ် Colour Laser Printer၊ Copier၊ Toner cartridge များ၊ Digital Camera ပါဝင်သော နောက်ဆုံးပေါ်နည်းပညာ Garmin အမှတ်တံဆိပ် Oregon GPS များ၊ ဂျပန်နိုင်ငံထုတ် Topcon အမှတ်တံဆိပ်၊ မြေတိုင်းပစ္စည်းများဖြစ်သော Auto Level၊ Digital Theodolite၊ Electronic Total Station များ၊ အင်္ဂလန်နိုင်ငံထုတ် ELE အမှတ်တံဆိပ် ကွန်ကရစ်၊ ကတ္တရာနှင့် မြေစမ်းသပ်မှု ပစ္စည်းများ၊ Ohaus အမှတ်တံဆိပ် Digital ချိန်ခွင်များနှင့် ဆေးရုံဆေးခန်းနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများဖြစ်သော DC-7 Ultrasound, DP-1100 Plus Portable Ultrasound၊ နှလုံးတိုင်းစက်၊ ဓာတ်ခွဲခန်းသုံး ဓာတ်ခွဲစက်၊ Oxygen ပမာဏ တိုင်းစက်၊ ဂျာမနီနိုင်ငံလုပ် သွေးပေါင်ချိန်တိုင်း ကိရိယာနှင့် သွေးချိုတိုင်းစက်၊ New Zealand ထုတ် Complan ဖြည့်စွက်အာဟာရမှုန့်များကို အထူးနှုန်းဖြင့် ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

အထူးအစီအစဉ်ဖြင့် Fuji Xerox အမှတ်တံဆိပ် Colour Laser Printer၊ Copier သုံးစွဲသူများနှင့် ဝယ်ယူရန် ပြင်ဆင်နေသူများ၊ DTP ဆိုင်များကာလာဖြင့် Presentation ပြုလုပ်ချင်သူများ၊ Offset အစားထိုးသုံးစွဲရန် ပြင်ဆင်နေသူများ၊ ရုံးလုပ်ငန်းအတွက် Colour စာရွက်ဖြင့် အသုံးပြုချင်သူများနှင့် ပြပွဲလာရောက်ကြည့်ရှုသူများကိုလည်း နည်းပညာနှင့်ပတ်သက်သော Colour Theory အကြောင်း ရှင်းလင်းတင်ပြခြင်း၊ အသုံးပြုပုံကို လက်တွေ့ပြသခြင်း၊ တစ်မျက်နှာကုန်ကျစရိတ်များကို အသေးစိတ်တွက်ချက်ပုံများကို Fuji Xerox မှ ကျွမ်းကျင်ဝန်ထမ်းများက ပြုလုပ်ပေးသွားမည့်အပြင် latest technology များ လေ့လာနိုင်ခြင်း၊ Colour Laser Printer၊ Copier များကိုလည်း စိတ်ကြိုက် စမ်းသပ်အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးထားမည်ဖြစ်သည်။

ဝယ်ယူနိုင်

ဆက်သွယ်ဝယ်ယူလိုပါက ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း-၀၁-၅၄၄၈၂၄၊ ၅၅၈၁၇၀၊ ၅၄၀၀၂၆၊ ၀၉-၅၀၀၅၉၁၊ ဖက်စ် ၅၄၄၁၉၉၊ မန္တလေးတွင် SY အဆောက်အအုံ လမ်း ၃၀၊ ၇၇ လမ်း နှင့် ၇၈ လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၇၈၊ ၆၉၃၀၃၊ ၀၉-၅၀၆၇၁၇၂ နေပြည်တော်တွင် အမှတ် (၁၁၄)၊ သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၈၁၉၊ ၄၂၁၃၆၂ တို့သို့ ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန၏ တတိယအကြိမ်မြောက် စုပေါင်းထမနဲထိုးပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၈

ယဉ်ကျေးမှုဝန်ကြီးဌာန၏ တတိယအကြိမ်မြောက် စုပေါင်းထမနဲထိုးပြိုင်ပွဲကို ယမန်နေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က တတိယအကြိမ်မြောက် စုပေါင်းထမနဲထိုးပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ပြိုင်ပွဲဝင်အသင်းများ၏ တပျော်တပါး ထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေး၍ ဆုရရှိသည့်အသင်းများအား ဆုများကို ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့တွင် လော်ကားဥယျာဉ်ကို အချိန်တိုးမြှင့်ဖွင့်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီ မှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားသော်လည်း ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၂-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၂၀	၈။	အပန်းဖြေလေ့လာအမျိုးသားကန်တော်ကြီးဥယျာဉ်မှာ
၈း၃၀	၉။	(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	"စီးဆင်းပါစေမေတ္တာရည်"
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	အကပြိုင်ပွဲ
၄း၃၀	၄။	"မြို့ကြီးသားယဉ်ကျေးမှု"
၄း၄၅	၅။	(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၄း၅၅	၆။	၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(ဇီဝဗေဒဘာသာရပ်)
၅း၁၅	၇။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၅	၈။	ကြေးမုံရိပ်သွင်တေးနုယဉ်
၅း၄၀	၉။	ရင်မှစွဲထင်တေးအလှသံစဉ်
၅း၅၀	၁၀။	(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	ဆိုလိုက်ကြစို့
၆း၅၅	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (အပိုင်း-၃၃)**
၇း၄၅	၁၅။	"ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာဒို့ဝန်တာ" (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (အပိုင်း-၂၄)**
	၂၀။	**"ရုပ်ရှင်ပဟေဠိ"**
	၂၁။	အစီအစဉ်ပြီး၏။

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကွန်ပျူတာအခြေခံသင်တန်းဖွင့်ပွဲ အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၈

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာန(ပေါင်းလောင်း)၏ ကွန်ပျူတာအခြေခံ သင်တန်းအမှတ်စဉ်(၈)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဌာန သင်တန်းကျောင်းခန်းမဆောင်၌ ကျင်းပရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာန (ပေါင်းလောင်း)၏ ကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ်(၈) သင်တန်း ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ဖေဖော်ဝါရီ ၇ ရက်က ဆိပ်ကြီးခနောင်တိုအတွင်းရှိ ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံဝင်းအတွင်း ဓာတ်မှန်ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
(ကြေးမုံ)

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် စီမံခန့်ခွဲရေးနှင့် စာရေးဝန်ထမ်း သင်တန်းများဆင်းပွဲတွင် အမှာစကားပြောကြားပြီး ထူးချွန်ဆုများပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးသိန်းသည် ဖေဖော်ဝါရီ ၅ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟို လေ့ကျင့်ရေးကျောင်း၌ ကျင်းပသည့် စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ် (၃၅/၃၆)နှင့် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၆၄/၆၅)သင်တန်းများဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး**(အောက်ပုံ)** ထူးချွန်ဆုများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။

စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၃၅)သို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးဦးစီးဌာနတို့မှ သင်တန်းသူ ၄၀၊ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၃၆)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ သင်တန်းသူ ၂၀၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၆၄)သို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးဦးစီးဌာနတို့မှ သင်တန်းသူ ၇၀၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၆၅)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ သင်တန်းသူ ၂၀ စုစုပေါင်း သင်တန်းသူ ၁၅၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်စီ ကြာမြင့်ခဲ့သည်။

သင်တန်းများ ဆင်းပွဲအပြီးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ထို့ကော်ကိုး၊ လောက်ကိုင်၊ ခန္တီးနှင့်လဟယ် အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်းများ၌ ခန့်အပ်မည့် အိမ်တွင်းမှုအထူးနည်းပြသင်တန်း အမှတ်စဉ် (၂) သင်တန်းသူများ၏ အပ်ချုပ်စက် လေ့ကျင့်သင်ကြားနေမှုများ၊ ချုပ်လုပ်ပြီး အဝတ်အထည်များ၊ ဗဟိုလေ့ကျင့်ရေးကျောင်း၏ စားရိပ်သာနှင့် နှစ်ရှည်သီးနှံ/ရာသီသီးနှံ စိုက်ပျိုးမှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ဖားရွှေကျော် မြေသားလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပရာ သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းလှိုင်နှင့် အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
(မြို့နယ်စည်ပင်)

မင်္ဂလာဒုံမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းလွန်ကျောင်း၏ မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၃ ရက်က ကျင်းပရာ မြို့နယ်အဆင့် သတ္တမတန်းဘက်စုံထူးချွန်ပြိုင်ပွဲတွင် စာပေဘာသာရပ် တတိယဆု၊ သိပ္ပံထူးချွန်ပထမဆု၊ သင်္ချာထူးချွန်ဒုတိယဆု၊ အင်္ဂလိပ်၊ သင်္ချာစွမ်းရည်ထူးချွန်ဆုရ မဇင်သူထက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဦး ဆုချီးမြှင့်စဉ်။
(ကြေးမုံ)

ဥပဒေကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

FIRST TO FIFTH BATCH (B.A, LAW, LL.B) ဥပဒေပညာရပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၂ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအတွင်း မွန်တိုင်းရင်းသား နေအိမ် တိုင်းရင်းသားကျေးရွာ သာကေတမြို့နယ် ရန်ကုန်မြို့၌ ကျင်းပပြီး ကျိုက်ခေါက်ဘုရား(သန်လျင်)၊ ရေလယ်ဘုရား (ကျောက်တန်း)တို့သို့ ဘုရားဖူးပို့ဆောင်ပေးမည်ဖြစ်ရာ အလှူငွေနှင့် ပစ္စည်းများကို ဦးအေးသောင်း ဖုန်း-၇၃၀၀၄၄၉၃၊ ၀၁-၃၈၇၆၃၁၊ ဒေါ်ဝေဝေကြည် ဖုန်း-၀၁-၆၆၀၂၆၀၊ ဒေါ်ခင်သန်းမြင့် ဖုန်း-၀၉-၅၁၂၄၈၆၈၊ ဦးလှမြင့် ဖုန်း-၀၁-၃၈၀၃၂၄၊ ဒေါ်ခင်ဆွေ ဖုန်း-၀၁-၅၀၁၂၄၉၊ ဦးတင်သောင်း ဖုန်း-၀၉-၉၉၂၄၉၆၀၊ ဒေါ်ခင်ဝင်း ဖုန်း-၀၆၇-၃၀၁၄၉နှင့် ဒေါ်သန်းသန်း ဖုန်း-၀၁-၅၅၉၉၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

☆ **ရွှေဖုံးမှ**

ယခင်က ဆိုပါမူ ရာမည‌မြေသည် သံလွင်မြစ်မင်း၏ အတားအဆီးကြောင့် နီးလျက်နှင့်ဝေးသယောင်ထင်ရ၏။အခြားပြည်နယ်၊ တိုင်းများနှင့်လည်း ရေခြားမြေခြားဖြစ်ခဲ့ရ၏။ ခရီးဖင့်၊ ခရီးထောင့်ခဲ့ရ၏။ တပ်မတော်အစိုးရလက်ထက်တွင် လက်ရှိမြန်မာနိုင်ငံ၏ အရှည်ဆုံး မြစ်ကူးတံတားကြီးတစ်စင်းဖြစ်သော အရှည် ၁၁၅၇၅ ပေရှိ သံလွင်တံတား(မော်လမြိုင်)ကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည်မှ အစပြု၍ မွန်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် သမိုင်းတစ်ခေတ်နှင့်အတူ ပိုမိုဆန်းသစ်ဖွံ့ဖြိုးလာခဲ့ပေသည်။

၁၉၈၈ ခုနှစ်က ပြည်နယ်အတွင်း ပေ ၁၈၀ အထက် တံတားကြီး လေးစင်းသာရှိခဲ့ရာမှ ယခု ၁၆ စင်းအထိ ရှိလာခဲ့ချေပြီ။ ၁၉၈၈ ခုနှစ်က ကားလမ်းမိုင် ၄၀၉ မိုင်သာရှိခဲ့ရာမှ ယခုအခါ ညီညာပြန့်ပြူးသော ကားလမ်းမိုင် ၄၅၁ မိုင် အထိရှိလာပြီး ရထားလမ်းအနေဖြင့်လည်း မွန်ပြည်နယ်မှ ပြည်ထောင်စုတစ်ဝန်းလုံးသို့ ကွန်ရက်ပမာ ချိတ်ဆက်သွားလာနိုင်ပြီဖြစ်ပေသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရာဝယ် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အဓိက အခန်းကဏ္ဍမှ ပါဝင်ပေသည်။

မွန်ပြည်နယ်အတွင်း ၁၉၈၈ ခုနှစ်က ကြေးနန်းရုံး သုံးရုံးသာရှိခဲ့ရာမှ ယခု ၁၀ ရုံး၊ ၁၉၈၈ ခုနှစ်က စာတိုက်စခန်း ၅၈ခုသာရှိခဲ့ရာမှ ယခု ၆၄ ခု၊ ၁၉၈၈ ခုနှစ်က တယ်လီဖုန်းရုံး ၁၁ ရုံးသာရှိခဲ့ရာမှ ယခု ၃၃ ရုံးအထိ ဖွံ့ဖြိုးတိုးတက်လာခဲ့ချေပြီ။

မွန်ပြည်နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးမျိုးဆွေက **"Analogue တယ်လီဖုန်းများကို ခေတ်မီ Digital စနစ်သို့ ပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်က မွန်ပြည်နယ် တစ်ဝန်းလုံး၌ မော်လမြိုင်မြို့ပေါ်၌သာ အော်တိုအိတ်ချိန်းရုံးတစ်ရုံးရှိခဲ့ရာမှ ယခုအခါ ပြည်နယ်အတွင်း အော်တိုအိတ်ချိန်းရုံး ၁၆ ရုံးအထိ ရှိလာပြီဖြစ်ကြောင်း၊ ယခုအခါ ကျိုက်မရောမြို့နယ်၌ အော်တိုအိတ်ချိန်းရုံး စီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများပြီးစီးပါက မွန်ပြည်နယ်ရှိ ၁၀ မြို့နယ်စလုံးတွင် အော်တိုအိတ်ချိန်းစနစ်ကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ မကြာမီကလည်း ပေါင်မြို့နယ်အတွင်းရှိ ပေါင်၊ မုတ္တမ၊ ဇင်းကျိုက် အော်တိုအိတ်ချိန်းရုံးများ ဖွင့်လှစ်ပေးခဲ့၍ ပြည်သူများအသုံးပြုလျက်ရှိကြောင်း၊ မြန်နှုန်းမြင့်အင်တာနက်စနစ်ဖြစ်သော ADSL စနစ်ကို မော်လမြိုင်နှင့် သထုံမြို့တို့၌ အသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ Mobile ဆက်သွယ်စနစ်အဖြစ် မွန်ပြည်နယ်အတွင်း GSM စခန်း သုံးခုရှိပြီး GSM တယ်လီဖုန်းပေါင်း ၃၂၀၀ကျော်ကို အသုံးပြုလျက်ရှိကြောင်း၊ ပင်လယ်ပြင်ကမ်းနီးကမ်းဝေး CDMA စခန်းခြောက်ခုကို ပြည်နယ်တစ်ဝန်း လွှမ်းခြုံမိစေရန် တည်ဆောက်ထားပြီး CDMA တယ်လီဖုန်းပေါင်း ၇၀၀၀ ကျော်နှင့် PCO တယ်လီဖုန်းအလုံး ၅၀၀ နီးပါး အသုံး ပြုလျက်ရှိကြောင်း"** ပြောကြားပါသည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် အမြန်ချောပို့စနစ်နှင့် အမြန်ငွေပို့စနစ်ကို ဝန်ဆောင်မှုပေးလျက်ရှိသော စာတိုက်ရုံးများနှင့် ခေတ်မီ e-Telegram စနစ်ဖြင့် ကြေးနန်းပို့ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော ကြေးနန်းရုံးများနှင့် ကွန်ပျူတာ၊ ဖက်စ်များကို အသုံးပြု၍ ဝန်ဆောင်မှုပေးနေသော ကြေးနန်းရုံးများကိုလည်း သွားရောက်လေ့လာခဲ့ပါသည်။

ပြည်ထောင်စုသား တိုင်းရင်းသား ရင်သွေးငယ်များ၏ ကျန်းမာရေးအတွက် ကလေးကုသဆောင်ကြီးကိုလည်း မော်လမြိုင်မြို့၌ တည်ဆောက်ပေးထားသည်။

မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပြည်နယ်အတွင်း လူစွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် မွန်ပြည်နယ်၏ မြို့တော် မော်လမြိုင်မြို့ကို နိုင်ငံတော်က ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းတွင် ထည့်သွင်းစီမံပေးခဲ့ပြီး နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်နှင့် ခုတင် ၂၀၀ ဆေးရုံကြီးတို့ကို ဖွင့်လှစ်ပေးခဲ့ရာ ဒေသခံပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍအတွက်သာမက ပြည်ထောင်စုသား ရင်သွေးငယ်များ ကိုယ့်ရပ်ကိုယ့်ဒေသတွင် အဆင့်မြင့် ပညာရပ်များသင်ကြားနိုင်ရေးအတွက်ပါ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အခြေခံပညာ အဆင့်တွင်လည်း ၁၉၈၈ ခုနှစ်က အခြေခံပညာကျောင်းပေါင်း ၁၂၀၅ ကျောင်းသာရှိခဲ့ရာမှ ယခု ၁၃၆၁ ကျောင်းအထိ ရှိလာခဲ့ပြီး ၂၀၀၈-၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် မွန်ပြည်နယ်သည် တစ်နိုင်ငံလုံးတွင် အောင်ချက်အမြင့်မားဆုံး ပထမဆု ဆွတ်ခူးရရှိသည်အထိ ပညာဆီမီးကို ထွန်းလင်းတောက်ပစေခဲ့သည်။ ပြည်ထောင်စုကြီး၏နယ်မြေ ရာမညမြေသည် ရေခံမြေခံကောင်းမွန်ပြီး မြေသယံဇာတပေါကြွယ်ဝရာ ဒေသဖြစ်၍ ဆန်စပါး၊ ရော်ဘာ၊ ကြက်မောက်၊ ဒူးရင်း၊ ကျွဲကော၊ မင်းကွတ်၊ ဆီထွက်သီးနှံများနှင့် ပဲမျိုးစုံ အမြောက်အမြားထွက်ရှိပေသည်။ ယခုနှစ် ၂၀၀၉-၂၀၁၀ ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးနှင့်နွေစပါးစုစုပေါင်း ဧက ၁၀ သိန်းကျော် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မျက်မှောက်ခေတ်သည် နည်းပညာခေတ်ကြီးဖြစ်သည်နှင့်အညီ သိပ္ပံနှင့် နည်းပညာရှင်များ မွေးထုတ်ပေးနေသည့် နည်းပညာတက္ကသိုလ် (မော်လမြိုင်) ကလည်း ခေတ်နှင့်အညီ မရှိမဖြစ် ဖြစ်သည်။

သီးထပ်စိုက်ပျိုးနိုင်ရန်အတွက်လည်း နေကြာ၊ ပဲမျိုးစုံ၊ နှမ်း စသည့်အထွက်ကောင်းမျိုးများကိုလည်း ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးပေးလျက်ရှိသည်။

ကိုယ့်ရပ်ကိုယ့်ဒေသတွင် အိုးမကွာ အိမ်မကွာ ကွန်ပျူတာပညာရပ်များကို သင်ယူခွင့်ရရှိနေသော ကွန်ပျူတာ တက္ကသိုလ် (မော်လမြိုင်)မှ ပြည်ထောင်စုသား ရင်သွေးငယ်များ ပညာသင်ယူနေကြစဉ်။

သွင်းအားစု ပံ့ပိုးပစ္စည်းများကိုလည်း ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖြန့်ဖြူးပေးလျက်ရှိရာ ယူရီးယားမြေဩဇာ ၃၅၁၉၄ အိတ်ကို သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးလျက် ရှိသကဲ့သို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် တွဲဖက်ထုတ်လုပ်လျက်ရှိသော ရာမည ဓာတ်စုံမြေဩဇာကိုလည်း ဈေးနှုန်းချိုသာစွာဖြင့်ထိရောက်စွာ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

မုဒုံမြို့ရှိ ဗဟိုစိုက်ပျိုးရေးခြံ၌လည်း ရေမြေဒေသနှင့် သင့်လျော်ကောင်းမွန်သော စပါးမျိုးများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ စပါးမျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ စိုက်ပျိုးနည်းစနစ်များဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် မျိုးရိုးဗီဇမှန်ကန်၍ ကောင်းမွန်သော မျိုးစေ့များရရှိရေးအတွက် အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ခြင်းတို့ကြောင့် ပြည်နယ်၏ သီးနှံစိုက်စွမ်းအားမှာ မည်သည့်ခေတ်နှင့်မျှမတူ တစ်မူ ဖွံ့ဖြိုးလာခဲ့ပြီဖြစ်သည်။

အလားတူ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ **မွန်ပြည်နယ်ကို ရော်ဘာပြည်နယ်** ဖြစ်စေရေးအတွက် ရည်မှန်းလျက် စိုက်ဧကလေးသိန်း လျာထားခဲ့ရာ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ရော်ဘာစိုက်ဧက ၄၀၇၈၇၉ အထိ တိုးတက် စိုက်ပျိုးနိုင်ပြီဖြစ်သည်။ အစေးလှီးဧက သုံးသိန်းရရှိချိန်တွင် ရော်ဘာတန်တစ်သိန်း ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၁၉၈၈ ခုနှစ်မတိုင်မီကဆိုပါမူ ရာမညမြေ၌ ရော်ဘာစိုက်ဧက ၇၆၆၀၇ ဧကသာရှိခဲ့ပေရာ မည်မျှဖွံ့ဖြိုးတိုးတက်လာသည်ကို နှိုင်းယှဉ်ချိန်ထိုး တွေ့မြင်နိုင်မည် ဖြစ်ပေသည်။

သို့မို့ကြောင့် မွန်ပြည်နယ်၏ ရော်ဘာစိုက်ဧက ပမာဏသည် တစ်နိုင်ငံလုံး ရော်ဘာစိုက်ဧက၏ ၄၀ ဒသမ ၄၂ ရာခိုင်နှုန်း၊ အစေးလှီးဧကတွင် ၆၀ ရာခိုင်နှုန်းနှင့် ရော်ဘာအစေးထုတ်လုပ်နိုင်မှုမှာ ၆၂ ရာခိုင်နှုန်းရှိ၍ အချိုးအားဖြင့် ရော်ဘာအများဆုံး စိုက်ပျိုးထုတ်လုပ်နိုင်သော ပြည်နယ်ဖြစ်ကြောင်း လေ့လာမှတ်သားမိပါသည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် မုဒုံမြို့ရှိ မုဒုံသုတေသနနှင့် မျိုးပွားခြံသို့လည်း တစ်ဆက်တည်း သွားရောက်လေ့လာခဲ့ကြပါသေးသည်။ ခြံဧရိယာ အကျယ်အဝန်းကား စုစုပေါင်း ၅၄၆၅ ဒသမ ၉၁ ဧကအထိ ကျယ်ဝန်း၏။ သုတေသနပြု ရော်ဘာထုတ်လုပ်ရေးလုပ်ငန်း၊ ဖူးဆက် ရော်ဘာပျိုးပင် ထုတ်လုပ်ရေးလုပ်ငန်း၊ မျိုးအလိုက် သုတေသနပြု ရော်ဘာပင် ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် သုတေသနပြု ရော်ဘာ ပြန်စိုက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ်သည် ရေသယံဇာတကိုလည်း ပိုင်ဆိုင်ထားသည့် ဒေသဖြစ်သည်နှင့်အညီ ပြည်နယ်၏ စီးပွားရေးကို အထောက်အကူပြုလျက်ရှိသော ဆားလုပ်ငန်းနှင့်ရေလုပ်ငန်းတို့ ဖွံ့ဖြိုးရာ ဒေသလည်း ဖြစ်ပေသည်။

ကျွန်တော်တို့သတင်းအဖွဲ့သည် သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာရှိ မြန်မာ့ဆားနှင့် အဏ္ဏဝါ ဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ပငဆားလုပ်ငန်း လုပ်ငန်းခွင်သို့လည်း သွားရောက်လေ့လာခဲ့ကြပါသည်။

ပြည်နယ်မန်နေဂျာ ဦးစိန်ဟန်နှင့် ပငဆားလုပ်ငန်း လုပ်ငန်းမန်နေဂျာ ဦးသန်းအောင်တို့က **"ပြည်နယ်အတွင်းရှိ ဆားလုပ်ငန်းများကို နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၉-၂၀၁၀ခုနှစ် ဆားရာသီ ကာလအတွင်း လျာထားချက် ပြည့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က ပြီးခဲ့သည့်နှစ်က မွန်ပြည်နယ်အတွင်းရှိ ဆားလုပ်ငန်းရှင်များအတွက် ဆားအထူးချေးငွေ ၆၅၅ သိန်းကျော် ထုတ်ချေးပေးကြောင်း၊ ပြည်နယ်အတွင်းရှိ ဆားလုပ်ငန်းရှင်များအားလုံးကလည်း ၂၀၀၉ ခုနှစ် ဒီဇင်ဘာလအတွင်းမှာပင် ပြန်လည်၍ အကျေအလည်ပေးဆပ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ပငဆားလုပ်ငန်းကို ၁၉၆၈-၁၉၆၉ ခုနှစ်မှ**

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

(9-2)06.pmd 1 2/9/2010, 2:31 AM

❖ စာမျက်နှာ ၆ မှ

စ၍ လုပ်ဧက ၂၆၀ ဖြင့် စတင်ဖော်ထုတ်ခဲ့ပြီး ယခုအချိန်တွင် ၁၀၁၆ ဒသမ ၂၉ ရှိဧကအနက် ၈၁၆ ဒသမ ၆၀ ဧကကို လုပ်ဆောင်လျက်ရှိပြီး ဆက်လက်၍ ရှိဧကအတိုင်း ဖော်ထုတ်ဆောင်ရွက်ရန် စီမံလျက်ရှိကြောင်း၊ ထုတ်ကုန်အမျိုးအစားများအဖြစ် နေလှန်းဆား၊ ဆားခါးကြမ်း၊ မဂ္ဂနီဆီယမ်ကလိုရိုဒ်နှင့် ပိုတက်ဆီယမ်ကလိုရိုဒ်တို့ကို ထုတ်လုပ်ပေးလျက်ရှိကြောင်း" ဖြင့် ရှင်းလင်းပြောကြားသည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် ပင ဆားလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုလေ့လာပြီးနောက် ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းများဖွံ့ဖြိုးရာ သံဖြူဇရပ်မြို့နယ်ရှိ ကရုပ္ပိစံပြကျေးရွာသို့လည်း တကူးတကနဲ့ သွားရောက်လေ့လာခဲ့ကြပါသည်။

ကရုပ္ပိစံပြကျေးရွာကား အိမ်ခြေ ၉၈၀ အိမ်ထောင်စု ၁၀၂၀ နှင့် လူဦးရေ တစ်သောင်းကျော်မျှသာ ရှိသော်လည်း ကျေးရွာနှင့်မလိုက်ဖက်စွာ လွန်စွာဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့မြင်ခဲ့ရ၏။

စံပြကျေးရွာ၏ အဓိက စီးပွားရေးလုပ်ငန်းကား ရေလုပ်ငန်း၊ ဆားလုပ်ငန်းတို့အပြင် ဆန်စပါး၊ ရော်ဘာနှင့် သီးနှံစုံစိုက်ပျိုးရေးလုပ်ငန်းတို့ပင် ဖြစ်ကြသည်။

ရေလုပ်ငန်းအနေဖြင့် ကမ်းနီးကမ်းဝေး ငါးဖမ်းလှေပေါင်း ၄၀ ခန့်ရှိပြီး ဖမ်းမိငါးများကို မြို့အရောက် ချက်ချင်းတင်ပို့ကြ၏။ မြန်မာ့ပင်လယ်ပြင်မှ သက်ရှိသယံဇာတများဖြစ်ကြသော ငါးမုတ်၊ ငါးစည်ဖောင်း၊ ငါးပြက် ထောပတ်၊ ငါးသလောက်၊ ငါးမန်း၊ ငါးရောင်၊ ငါးရွှေ၊ ငါးလိပ်ကျောက်တို့ကို မော်လမြိုင်မြို့ရှိ အအေးခန်းစက်ရုံသို့ ချက်ချင်းတင်ပို့ကြ၏။

မြန်မာပြည် အောက်ပိုင်းမှ အထက်ပိုင်းသို့ ဆက်သွယ်သွားလာရာ ရထားခရီးစဉ်များ၌ မော်လမြိုင်ဘူတာကြီးကလည်း အလွန်အရေးပါခဲ့သည်။

ရပ်မိရပ်ဖ ဦးကာတွန်းက ကျွန်တော်တို့သတင်းအဖွဲ့ကို စံပြကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုများကို လိုက်ပြရင်း **"အရင်က လမ်းမရှိတော့ ဖမ်းဆီးမိတဲ့ ငါးတွေ ရွာမှာပဲ ပုပ်သိုးကုန်တာများတယ်။ ဒါကြောင့် နိုင်ငံတော်နဲ့ ဒေသအာဏာပိုင်တို့ရဲ့ ခွင့်ပြုချက်နဲ့ မီးရထားတံတားကို ကားလမ်းတံတားအဖြစ်ပါ ဆောင်ရွက်နိုင်ခဲ့လို့ ကျွန်တော်တို့ ကျေးရွာ မြင်တဲ့အတိုင်း ဖွံ့ဖြိုးလာတာဖြစ်ပါတယ်။ ပေ ၃၀၀ ကျော်ရှိတဲ့ သံကူကွန်ကရစ်တံတားကြီးကိုလည်း ကိုယ့်အားကိုယ်ကိုး တည်ဆောက်နေပြီး ယခုနှစ်အတွင်းမှာ ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ တံတားကြီးပြီးသွားရင် တန် ၆၀ ကားကြီးတွေနဲ့ ကုန်စည်တွေကို ပို့ဆောင်နိုင်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့ရွာ၊ ကျွန်တော်တို့ဒေသ ယခုထက် ပိုဖွံ့ဖြိုးလာတော့မှာဖြစ်ပါတယ်"**ဟူ၍ ပြောကြားပါသည်။

ကျွန်တော်တို့သတင်းအဖွဲ့သည် အချိန်ရခိုက် စံပြကျေးရွာအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ရာ ကျေးလက်သားဖွားခန်း၊ ဆေးပေးခန်း၊ ပညာ့ဗိမာန်စာကြည့်တိုက်၊ ကိုယ့်အားကိုယ်ကိုး မီးသတ်ယာဉ်၊ တယ်လီဖုန်းရုံး၊ အိုင်တီနည်းပညာ ဖွံ့ဖြိုးရေးအတွက် ကွန်ပျူတာသင်တန်းများ၊ ညီညာပြန့်ပြူးသော ကတ္တရာလမ်းများနှင့် တိုက်တာအဆောက်အအုံများ အပါအဝင် ကျေးလက်နှင့် မြို့ပြမခြားနား၊ မြို့တစ်မြို့အလား စည်ပင်ဖွံ့ဖြိုးလျက်ရှိသည်ကို တွေ့မြင်ခဲ့ရပေသည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် တပ်မတော်အစိုးရလက်ထက်တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်လာသော ပြည်ထောင်စုပန်းခင်းကြီးထဲက သာစွဥ္ဓာနေ ရာမညမြေ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာခဲ့ရာတွင် ငွေတစ်မတ်နှင့် ငါးကြင်းခေါင်း တက်ကိုင်သည်သို့နှယ် လက်လှမ်းမမီ လောက်အောင်ပင် ဖြစ်ခဲ့ရသည်။

သို့ဖြစ်၍ အချိန်ရခိုက်အတွင်းမှာပင် လက်လှမ်းမီရာ လေ့လာခဲ့ရပြီး အချိန်တန်သောအခါဝယ် မိမိလုပ်ငန်းခွင်သို့ ပြန်လည် ထွက်ခွာလာခဲ့ကြပါသည်။ သို့ဖြစ်လင့်ကစား လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေ လုပ်ငန်းများ၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းများ ဖြစ်ထွန်းကြွယ်ဝရာမြေ၊ ရေသယံဇာတနှင့် မြေသယံဇာတတို့ ကုံလုံပြည့်ဝရာမြေ၊ ဒေသတည်ငြိမ်အေးချမ်းမှုတို့နှင့်အတူ ဖွံ့ဖြိုးစည်ပင်ရာမြေ၊ ပြည်ထောင်စုပန်းခင်းကြီးထဲက သာစွဥ္ဓာနေ ရာမညမြေ၏ မြင်ကွင်းပုံရိပ်တို့ဖြင့် မေ့မရနိုင်တော့ချေ။

ထို့အတူ အတွေးပုံရိပ်ဝယ် ၁၉၉၀ ကျော်လွန်နှစ်များအတွင်းက အရှေ့ဥရောပနိုင်ငံအချို့နှင့် မျက်မှောက်ကာလ နိုင်ငံအချို့၏ ပြိုကွဲခဲ့ရသည့် ဖြစ်စဉ်များအတွင်း ပြည်သူများ ဒုက္ခပင်လယ်ဝေခဲ့ရသည့် ဖြစ်ရပ်တို့ကိုလည်း တဖျပ်ဖျပ် မြင်ယောင်လာမိပါတော့သည်။

သို့မို့ကြောင့် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး" ဟူသော ဒို့တာဝန်အရေး (၃)ပါး၏ နက်ရှိုင်းလေးနက်မှု သဘောသဘာဝကို ပို၍ပို၍ နားလည်တန်ဖိုးထားမိပါတော့သည်။ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပါလိမ့်မည်။ ပြည်ထောင်စု ပန်းခင်းကြီးအတွင်း၌လည်း ထာဝစဉ် ပန်းပေါင်းစုံ ပွင့်ထုံကြိုင်သင်းနေမည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

ပြည်နယ်အတွင်း ခေတ်မီဆက်သွယ်ရေးစနစ် တိုးတက်လာရာ Mobile ဆက်သွယ်ရေးအတွက် ဤကဲ့သို့သော တာဝါတိုင်ကြီးများကို တည်ဆောက်ပေးထားသည်။

လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေလုပ်ငန်းများ၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းများ ဖြစ်ထွန်းကြွယ်ဝရာမြေ၊ ရေသယံဇာတနှင့် မြေသယံဇာတတို့ ကုံလုံပြည့်ဝရာမြေ၊ ဒေသတည်ငြိမ်အေးချမ်းမှုတို့နှင့်အတူ ဖွံ့ဖြိုးစည်ပင်ရာမြေ၊ ပြည်ထောင်စုပန်းခင်းကြီးထဲက သာစွဥ္ဓာနေ ရာမညမြေ၏ မြင်ကွင်းပုံရိပ်တို့ဖြင့် မေ့မရနိုင်တော့ချေ။

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော မွန်ပြည်နယ်

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၉	တိုးတက်မှု
၁	စိုက်ပျိုးမြေဧရိယာ	ဧက	၈၉၁၅၉၆	၂၁၂၀၀၄၉	၁၂၂၈၄၅၃
၂	ဆည်တမံ	ခု	၃	၆	၃
၃	မြစ်ရေတင်လုပ်ငန်း	ခု	-	၅	၅
၄	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	-	၆၁. ၆၆	၆၁. ၆၆
၅	ရထားလမ်း	မိုင်	၁၉၅	၃၁၅. ၀၃	၁၂၀. ၀၃
၆	ကားလမ်း	မိုင်	၄၀၉	၄၅၃	၄၄
၇	ပေ ၁၈၀ အထက်တံတား	စင်း	၄	၁၆	၁၂
၈	စာတိုက်စခန်း	ခု	၅၈	၆၄	၆
၉	ကြေးနန်းရုံး	ခု	၃	၁၉	၁၆
၁၀	တယ်လီဖုန်းရုံး	ခု	၁၁	၃၅	၂၄
၁၁	မိုက္ကရိုဝေ့ဗ်စခန်း	ခု	၈	၉	၁
၁၂	ရေအားလျှပ်စစ်စက်ရုံ	ခု	၁	၁၁	၁၀
၁၃	နိုင်ငံပိုင်စက်ရုံ	ခု	-	၁၇	၁၇
၁၄	အခြေခံပညာကျောင်း	ကျောင်း	၁၂၀၅	၁၃၆၂	၁၅၇
၁၅	ပညာရေးကောလိပ်	ခု	-	၁	၁
၁၆	နည်းပညာတက္ကသိုလ်	ခု	-	၁	၁
၁၇	ကွန်ပျူတာတက္ကသိုလ်	ခု	-	၁	၁
၁၈	ဆေးရုံ	ရုံ	၂၀	၃၁	၁၁

မွန်ပြည်နယ်အတွင်းရှိ ဤကဲ့သို့သော ကြိုးတံတားကြီးများကြောင့် လမ်းပန်းဆက်သွယ်ရေးများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

(၆၃)နှစ်မြောက်ပြည်ထောင်စုနေ့ဦးတည်ချက် (၅)ရပ်

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

(၆၃)နှစ်မြောက်
ပြည်ထောင်စုနေ့
အကြိုဂုဏ်ပြု
ဆောင်းပါး

လက်ဆင့်ကမ်းအမွေ ပြည်ထောင်စုမြေ

ကြယ်စင်နိုင်

မနက်ဖြန်သည် ယနေ့အတွက် အနာဂတ်ဖြစ်သကဲ့သို့ ယနေ့သည် မနေ့က၏ အနာဂတ်ဖြစ်သည်။ မနေ့ကသည် ယနေ့၏ အတိတ်ဖြစ်သကဲ့သို့ ယနေ့သည်လည်း မနက်ဖြန်၏ အတိတ်ပင်ဖြစ်သည်။ ယနေ့ကာလ၏ အခြေအနေများသည် အတိတ်ကာလ၏ ရေခံမြေခံအခြေအနေများမှ တည်ရှိပေါက်ဖွားလာရခြင်းဖြစ်ပေသည်။ ထို့ကြောင့် ကာလသုံးပါးစလုံး၏ အရင်းခံဖြစ်သည့် ယနေ့ကာလတည်းဟူသော ပစ္စုပ္ပန်အခြေအနေသည် အရေးအကြီးဆုံးဖြစ်သည်။

နှစ်ကာလများ တရွေ့ရွေ့ပြောင်းလဲသွားသည်နှင့်အတူ အရာအားလုံးသည် လိုက်ပါပြောင်းလဲသွားကြမြဲဖြစ်သည်။ ထိုသို့ပြောင်းလဲမှုများတွင် ကောင်းသောပြောင်းလဲမှုများ ပါဝင်သကဲ့သို့ ဆိုးသောပြောင်းလဲမှုများလည်း ပါဝင်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် ကောင်းသောပြောင်းလဲမှုနှင့် ပြောင်းလဲတိုးတက်နေသော နိုင်ငံများပါဝင်သကဲ့သို့ ဆိုးရွားသော ပြောင်းလဲမှုများကို ရင်ဆိုင်နေရသော နိုင်ငံများလည်းရှိသည်။

မြန်မာနိုင်ငံသည် နှစ်ပေါင်း ၁၀၀ ကျော် သူ့ကျွန်ဘဝကျရောက်ခဲ့ရပြီး တစ်မျိုးသားလုံး ထီးကျိုးစည်ပေါက်ကာ အောက်ကျနောက်ကျနိုင်ခဲ့ရသည်။ ထိုသို့ နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝတွင် နယ်ချဲ့တို့က အသိဉာဏ်၊ ဗဟုသုတနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုများကို ပိတ်ပင်ခဲ့သည်။ ကျွန်စိတ်သွင်းကာ သူတို့၏ ကျွန်စနစ်သက်ဆိုးရှည်အောင် မွေးမြူခဲ့ကြသည်။ ပညာရေးတွင် အတန်းအစားခွဲခြားထားပြီး တိုးတက်မှုမရှိအောင် ဟန့်တားခဲ့ကြသလို အုပ်ချုပ်ရေးတွင်လည်း မြေပြန့်နှင့် တောင်ပေါ်ဒေသကို ခွဲခြားကာ စည်းလုံးမှုမရှိအောင် လုပ်ဆောင်ခဲ့ကြသည်။

ထိုအခြေအနေတွင် အမြော်အမြင်ရှိသော မျိုးချစ်ခေါင်းဆောင်များက ဦးဆောင်၍ မြန်မာနိုင်ငံကို နယ်ချဲ့တို့၏ လက်အောက်ခံကျွန်ဘဝမှ ဆွဲထုတ်ကယ်တင်ရန်ကြိုးပမ်းခဲ့သည်။ ထိုသို့ကယ်တင်ပြီး နောက်ပိုင်းတွင်လည်း မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ် စစ်ပွဲကာလ စစ်ဖိနပ်အောက်သို့ ကျရောက်ကာ ပြာပုံအလိမ်းလိမ်း ဖြစ်ခဲ့ရပြန်သည်။ အင်္ဂလိပ်အထွက် ဂျပန်အဝင်၊ ဂျပန်အထွက် အင်္ဂလိပ်အဝင်စသည့် နယ်ချဲ့လက်အောက်ခံဘဝမှ ရုန်းထွက်နိုင်ရန် အခက်အခဲအမျိုးမျိုးကို ဖြတ်သန်းကာ အသက်သွေးချွေးမြောက်မြားစွာ စတေးခဲ့ရသည့် နည်းတူ တိုင်းပြည်သည်လည်း စစ်ဒဏ်ကြောင့် ယိုယွင်းကာ ပျက်စီးခဲ့ရသည်။ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း ပြည်တွင်း လူမျိုးရေး၊ ဝါဒရေး အကွဲအပြဲများကြောင့် နယ်စပ်ဒေသများနှင့် အခြားပြည်နယ်တိုင်းများတွင် ပြည်တွင်းသူပုန်များထကြွသောင်းကျန်းကာ နိုင်ငံဒေသတစ်ဝန်းလုံးတွင် ပြန်လည်တည်ဆောက်ရန် ခက်ခဲသောအခြေအနေဆိုးနှင့် ကြုံခဲ့ရလေသည်။

ပြည်နယ်များရှိ တိုင်းရင်းသားတို့ အမြင်မတူမှုများကြောင့် သွေးကွဲကာ လက်နက်ကိုင်တိုက်ခိုက်ကြရင်း ဒေသလုံခြုံအေးချမ်းမှုများ ပြိုပျက်ခဲ့ရသည်။ နှစ်ကာလများစွာတိုင်အောင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်။ ယခင်ကာလက နယ်စပ်ဒေသများတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲကာ အသိပညာ၊ အတတ်ပညာပိုင်းတွင်လည်း နောက်ကျခဲ့ရသည်။ ယခင်က တက္ကသိုလ်ပညာသင်ကြားရန် ဝေးလံသော မြို့ကြီးများအထိ သွားရောက်ကြရသည်ကို အားလုံးအသိပင်ဖြစ်သည်။ ထိုသို့ ကန့်သတ်ချက်များကြောင့် ပညာသင်ကြားမှုတွင် နှောင့်နှေးမှုများရှိခဲ့ရသည်။ ထို့အတူ နယ်စပ်ဒေသများနှင့် မြို့ပြနှင့် အလှမ်းဝေးသောဒေသများတွင် ဆေးပေးခန်း၊ ဆေးရုံများအလှမ်းဝေးသဖြင့် ပြည်သူများ၏ ကျန်းမာရေးအတွက်လည်း လစ်ဟာမှုများရှိခဲ့ရသည်။

လမ်းပန်းဆက်သွယ်ရေးအမြင်နှင့် ကြည့်လျှင်လည်း ကားလမ်းမပေါက်၊ မီးရထားလမ်းမပေါက်ဘဲ ရှိခဲ့သည့်ဒေသ အများအပြားပင်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုနှင့်အတူ လူနေမှုဘဝများသည်လည်း ခေတ်နောက်ကျကာ ကျန်ရစ်နေကြရသည်။

သူ့ကျွန်ဘဝရောက်ခဲ့ရစဉ်က အခြေအနေများကို ပြန်လည်ကြည့်မည်ဆိုလျှင် တိုင်းပြည်သည်ဆိုးရွားသော အပြောင်းအလဲများကို ခံစားခဲ့ရပြီး ယခုအခါ တစ်ဖန်ပြန်လည်၍ အားသစ်လောင်းကာ နိုးထလာသည်ကို တွေ့ရမည်ဖြစ်သည်။ နယ်ချဲ့လက်အောက်ရှိ အညွန့်တုံးမတတ်ဖြစ်နေသော ဘဝများကို လွတ်လပ်ရေးဟူသော အားသစ်အင်သစ်များဖြင့် ပြန်လည်မွေးမြူယူခဲ့သည်။ အသက်ပေါင်းများစွာ စတေးကာ နောင်အနာဂတ်အတွက် အရေးပါသော ခြေလှမ်းသစ်တစ်ရပ်ကို စတင်ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။ ထိုခြေတစ်လှမ်းသည် နိုင်ငံအတွက်၊ နိုင်ငံသားများအတွက်၊ နိုင်ငံ၏အနာဂတ်အတွက် အရေးပါသော ခြေလှမ်းတစ်လှမ်းပင်ဖြစ်သည်။

ပျက်အစဉ် ပြင်ခဏဟူသော ဆိုရိုးစကားအတိုင်းပင် မြန်မာနိုင်ငံသည် ရွေ့လျားလာသောအချိန်ရေစီးကြောင်းအတိုင်း တိုးတက်ခေတ်မီသော နိုင်ငံဘဝသို့ တဖြည်းဖြည်း ပြောင်းလဲတည်ဆောက်လာခဲ့သည်။ ခေတ်မီဖွံ့ဖြိုးမှု နောက်ကျကျန်နေသော ဒေသများကို အထူးဖွံ့ဖြိုးရေးဒေသကြီးများအဖြစ် သတ်မှတ်ကာ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ခဲ့သည်။ ယခုအခါ နိုင်ငံတစ်ဝန်းလုံးတွင် ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည်။ ပညာရေးနှင့်ပတ်သက်၍လည်း ဒေသတိုင်းတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများသာမက တက္ကသိုလ်များပင် ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်၍ ပညာရေးအတွက် ဝေးလံသောမြို့များအထိ တကူးတက သွားရောက်စရာမလိုတော့ဘဲ မိမိဒေသတွင်ပင် လိုအပ်သောပညာကို ရှာဖွေလေ့လာသင်ယူနိုင်ကြပြီဖြစ်သည်။ ထို့ပြင် လိုအပ်သော ပြင်ပဗဟုသုတလေ့လာစရာများအတွက်လည်း ကျေးလက်ဒေသများပါမကျန် စာကြည့်တိုက်များ ဖွင့်လှစ်ပေးပြီး ပြည်သူလူထု မျက်စိပွင့်၊ နားပွင့်အောင် ဆောင်ရွက်ပေးနေပြီဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးအနေနှင့်လည်း မြစ်ချောင်းများကို ကျော်၍ တံတားဆောက်ခြင်း၊ တောင်ကိုကျော်ကာ လမ်းဖောက်ခြင်းစသည့် လုပ်ငန်းများဖြင့် ဝေးလံခေါင်ဖျားသော ဒေသများအထိ ဆက်သွယ်သွားလာရေး လွယ်ကူစေခဲ့သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ ဒေသ၏ အခြားသော စီးပွားရေး၊ လူမှုဆက်သွယ်ရေးနှင့် ကျန်းမာရေးကိစ္စအဝဝတွင်ပါ ဖွံ့ဖြိုးတိုးတက်လာပေသည်။ ယခုဆိုလျှင် ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများပါမကျန် ဆေးရုံ၊ ဆေးခန်းများ ဖွင့်လှစ်ပေးပြီး ကျန်းမာရေးပြုစုစောင့်ရှောက်မှု အခန်းကဏ္ဍကို မြှင့်တင်ပေးနေပြီဖြစ်သည်။ ယခင်က နှစ်ရက်၊ သုံးရက်သွားရသော ခရီးရှည်များသည်လည်း နေ့တွင်းချင်း ရောက်နိုင်လောက်အောင် လမ်းပန်းဆက်သွယ်မှု မြန်ဆန်ချောမွေ့လာပြီဖြစ်သည်။ ထိုသို့ တိုးတက်မှုများနှင့်အတူ တည်ငြိမ်အေးချမ်းမှုများကိုလည်း မြင်တွေ့နေရပြီဖြစ်သည်။ ယခင်ကာလက သောင်းကျန်းသူရန်ကြောင့် ယာဉ်တန်းနှင့် သွားလာနေရသော ဒေသများတွင် ယခုအခါ အေးချမ်းလုံခြုံစွာ စိတ်ချလက်ချ သွားလာနိုင်သည်ကိုလည်း တွေ့နေရသည်။

စီးပွားရေးနှင့်ပတ်သက်၍ ဒေသခံပြည်သူများအတွက် အခွင့်အလမ်းများ ပိုမိုပွင့်လာသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး အသိအမြင်ကျယ်ပြန့်မှုများက ပိုမိုကောင်းမွန်သော လူမှုဘဝကို တည်ဆောက်နိုင်ရန် အထောက်အကူပြုနိုင်သည်ကို တွေ့ရသည်။ ထိုသို့သော ဖွံ့ဖြိုးတိုးတက်မှုများအပြင် နိုင်ငံ၏ လျှောက်လှမ်းနေသော လမ်းကြောင်းကို ပိုမိုတိုးတက်ကောင်းမွန်သော လမ်းကြောင်းပေါ်သို့ ရွေ့လျားနိုင်ရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေကိုရေးဆွဲကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်လျက်ရှိပေသည်။

ယနေ့ကာလအခြေအနေများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြန်လည်ကြည့်လျှင် ယခင်အတိတ်ကာလ၏ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယများနှင့်အတူ ထက်သန်ခိုင်မာသော စိတ်ဓာတ်များ၊ စုစည်းညီညာသော စည်းလုံးအားတို့ဖြင့်

သမိုင်းပေးသင်ခန်းစာ

ကာတွန်း - ကျော်သူဟိန်း

ခြေလှမ်းတစ်လှမ်းပင်ဖြစ်

**င်းပင် မြန်မာနိုင်ငံသည်
ခေတ်မီသော နိုင်ငံဘဝသို့
ခေတ်မီဖွံ့ဖြိုးမှု နောက်ကျ
များအဖြစ် သတ်မှတ်ကာ
ခဲ့သည်။ ယခုအခါ နိုင်ငံ
ဖြစ်သည်။ ပညာရေးနှင့်
ယယ်တန်း၊ အထက်တန်း
ကြားပေးနေပြီဖြစ်၍ ပညာ
းရောက်စရာမလိုတော့ဘဲ
သင်ယူနိုင်ကြပြီဖြစ်သည်။
အတွက်လည်း ကျေးလက်
ပြည်သူလူထု မျက်စိပွင့်၊**

င်းများကို ကျော်၍ တံတား
စသည့် လုပ်ငန်းများဖြင့်
းလာရေး လွယ်ကူစေခဲ့
ှင့်အမျှ ဒေသ၏ အခြား
ကိစ္စအဝဝတွင်ပါ ဖွံ့ဖြိုး
းနှင့် နယ်စပ်ဒေသများပါ
ာရေးပြုစုစောင့်ရှောက်မှု
နှစ်ရက်၊ သုံးရက်သွားရ
လောက်အောင် လမ်းပန်း
တိုးတက်မှုများနှင့်အတူ
သည်။ ယခင်ကာလက
နေရသော ဒေသများတွင်
င်သည်ကိုလည်း တွေ့နေရ

တွက် အခွင့်အလမ်းများ
င်ကျယ်ပြန့်မှုများက ပိုမို
ထက်အကူပြုနိုင်သည်ကို
နိုင်ငံ၏ လျှောက်လှမ်း
ာ လမ်းကြောင်းပေါ်သို့
ဆွဲကာ အေးချမ်းသာယာ
ကို တည်ဆောက်လျက်

ကို ပြန်လည်ကြည့်လျှင်
လ၊ ဝီရိယများနှင့်အတူ
သော စည်းလုံးအားတို့ဖြင့်

အေးတူပူမျှ နေကြချစ်ကြည် စည်းလုံးညီ

☆ ရောနဒီ၊ သက်သေတည်၍
ပြည်ထောင်စုသား၊ ညီနောင်များတို့
အားတလူလူ၊ သွေးနီးကူလျက်
နွယ်တူသွေးသောက်၊ တစ်မိပေါက်တွေ
တည်ဆောက်ချစ်ကြည်၊ ပဝေသဏီ။
☆ မြန်မာ့လူ့ဘောင်၊ ဒို့ပြည်ထောင်၏
ဂုဏ်ရောင်ပြောင်ဖိတ်၊ အောင်အရိပ်ကို
အတိတ်သမိုင်း၊ အခန်းတိုင်းမှာ
ဆစ်ပိုင်းသေချာ၊ အဖြေရှာ၍
စဉ်လာကိုညှိ၊ အမှန်သိအောင်
အရှိဖြစ်စဉ်၊ အမှန်မြင်အောင်
အမြင်ကြည်ပြတ်၊ သတိချပ်ကာ
ကိုယ့်ရပ်ရေမြေ၊ ကိုယ့်အမွေနှင့်
ဗှာနေတိုင်းသား၊ ပြည်သူများလျှင်
ညီဖွားအားလုံး၊ ချည်နှောင်ထုံးလျက်
ပေါင်းရုံးရိုင်းပင်း၊ ဝိုင်းဖွဲ့ခင်းလျက်
စိုင်းပြင်းဖေးကူ၊ အေးတူပူမျှ
နေကြချစ်ကြည် သွေးစည်းညီ။
ရှုတိုင်းသာသည် မိမြန်ပြည်။ ။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ကိုကိုသက်(ထားဝယ်)

ဆောင်ရွက်ခဲ့မှုများ၏ အကျိုးကျေးဇူးများဖြစ်ကြောင်း သိရှိနိုင်ပေသည်။ မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန်ကြိုးစားချိန်မှစ၍ တိုင်းရင်းသားပြည်သူများ၏ စုစည်းညီညာမှုကြောင့်သာ ယနေ့အချိန်တွင် လွတ်လပ်ရေးအောင်ပန်းကို ရရှိနိုင်ခဲ့ခြင်းဖြစ်သည်။ သမိုင်းကြောင်းကို ပြန်လည်ကြည့်ရှုမည်ဆိုလျှင် အင်္ဂလိပ်အစိုးရသည် မြန်မာတိုင်းရင်းသားတို့၏ သတ္တိနှင့် ဇွဲ လုံ့လဝီရိယတို့ကြောင့် တိုင်းပြည်ကို လွတ်လပ်ရေးပေးရမည့်အချိန်တွင် ပြည်မနှင့်တောင်တန်းကိုခွဲ၍ လွတ်လပ်ရေးပေးရန် ကြိုးစားခဲ့သည်။ ထိုအခြေအနေတွင် တိုင်းရင်းသားခေါင်းဆောင်များက ပင်လုံမြေပေါ်တွင် စုစည်းကြ၍ စည်းလုံးမှုကိုပြသသည့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုပင်လုံစာချုပ်မှအရင်းခံ၍ မြန်မာနိုင်ငံတစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိခဲ့သည်။ စည်းလုံးညီညာ၍ အောင်ကြောင်းဖြာခဲ့ရခြင်းပင်ဖြစ်သည်။ ထို့ကြောင့် စည်းလုံးညီညွတ်ခြင်းကို ကိုယ်စားပြုသော ပင်လုံမြေမှ ပင်လုံစာချုပ်သည် အရေးပါသော သမိုင်းမှတ်တိုင်တစ်ခုဖြစ်ခဲ့သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ဝါးအစည်းပြေသကဲ့သို့ သူတစ်လူငါတစ်မင်း ထင်ရာစိုင်းနေခဲ့သော အခြေအနေကြောင့် တိုင်းပြည်တွင် ဖွံ့ဖြိုးတိုးတက်မှုများ ရှိသင့်သလောက်မရှိခဲ့ဘဲ နစ်နာခဲ့ရသည်။ ထိုအချက်ကို ပြန်တွေးကြည့်လျှင် အတိတ်ကာလက စည်းလုံးမှုမရှိခြင်း၏ အကျိုးဆက်သည် မျက်မှောက် အခြေအနေသို့ လာရောက်ရိုက်ခတ်သည်ကို တွေ့ရပေမည်။ ယခင်ကာလကလည်း တိုင်းရင်းသားအချင်းချင်း စည်းလုံးမှုပြိုကွဲ၍ တစ်ပါးသူလက်အောက်သို့ မိမိ နိုင်ငံ ကျရောက်ခဲ့ရသည်။ ထို့အပြင် လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း စည်းလုံးမှုပြိုကွဲ၍ တိုင်းပြည်တည်ဆောက်ရေးတွင် နောက်ကျကျန်ရစ်ခဲ့ရလေသည်။ ထိုအချက်များကို ပြန်လည်တွေးကြည့်လျှင် လက်ရှိကာလတွင် ဆောင်ရွက်ခဲ့သော အရာများ၏ ကောင်းကျိုးဆိုးကျိုးများအတိုင်း အနာဂတ်တွင် မလွဲမသွေ လက်ခံကြရသည်ကို တွေ့ရှိရလေသည်။

ယခင်ကာလက ဖြစ်ပျက်ခဲ့ပြီးသမျှကို အတုယူဆင်ခြင်ကာ လက်ရှိနိုင်ငံအခြေအနေတွင် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားရန်သည် ပစ္စုပ္ပန်

တိုင်းပြည်အတွက် သွေးကွဲစေမည့် အဖျက်အမှောင့်များကလည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်များမှတစ်ဆင့် ဘက်ပေါင်းစုံ တိုက်ခိုက်လျက်ရှိရာ ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်ဆိုသည့်အတိုင်း ပြည်တွင်းရှိ ပြည်သူများက စုပေါင်းကာကွယ်နိုင်မှသာ ဖြစ်ပေမည်။ ယခင်အတိတ်ဟောင်းမှ နမူနာယူစရာများကို နမူနာယူရင်း၊ အတုယူစရာများကို အတုယူရင်း နောင်အနာဂတ်နိုင်ငံအတွက် လက်ရှိအချိန်တွင် အရေးပါသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ကျရာနေရာမှ စောင့်ထိန်းကာကွယ်ကြရမည်ဖြစ်သည်။

ကာလတွင် အရေးကြီးသောအချက်ဖြစ်သည်။ ယနေ့ကာလတွင် ယခင်ကာလက ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးနှင့်တကွ ပျက်သုဉ်းခဲ့ရသော တိုင်းပြည်၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများကို ပြန်လည်တည်ဆောက်ပြီး အောင်မြင်မှုလမ်းစသို့ ခြေချနိုင်ချိန်ဖြစ်သည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် တိုင်းပြည်၏ တိုးတက်မှုမျိုးစေ့ကို စတင်စိုက်ပျိုးခဲ့ပြီး ကြားနှစ်ကာလများအတွင်း ရေလောင်းပေါင်းသင်ကာ အရိပ်တကြည့်ကြည့်ဖြင့် ပိုးမွေးသလို မွေးမြူခဲ့ရခြင်းဖြစ်သည်။ ယခုအချိန်တွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများ၏ စည်းလုံးမှုအကြောင်းတရား၏ အကျိုးဆက်ဖြစ်သော ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို ခံစားနေရမည့် အချိန်ဖြစ်နေပေသည်။ ထိုအခြေအနေတွင် နိုင်ငံ၏ အဓိကလမ်းကြောင်းဖြစ်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရန်အတွက် အလွန်အရေးပါကြောင်း သိရှိနားလည်ပြီး တိုင်းရင်းသားများအချင်းချင်း စည်းလုံးညီညွတ်စွာ လက်တွဲလျှောက်လှမ်းရမည်ဖြစ်သည်။

တိုင်းပြည်အတွက် သွေးကွဲစေမည့် အဖျက်အမှောင့်များကလည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်များမှတစ်ဆင့် ဘက်ပေါင်းစုံ တိုက်ခိုက်လျက်ရှိရာ ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်ဆိုသည့်အတိုင်း ပြည်တွင်းရှိ ပြည်သူများက စုပေါင်းကာကွယ်နိုင်မှသာ ဖြစ်ပေမည်။ ယခင်အတိတ်ဟောင်းမှ နမူနာယူစရာများကို နမူနာယူရင်း၊ အတုယူစရာများကို အတုယူရင်း နောင်အနာဂတ်နိုင်ငံအတွက်လက်ရှိအချိန်တွင် အရေးပါသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ကျရာနေရာမှ စောင့်ထိန်းကာကွယ်ကြရမည်ဖြစ်သည်။

အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်သုံးရပ်လုံးတွင် နိုင်ငံ၏သမိုင်းကြောင်း လှပနေစေရန်နှင့် အနာဂတ်မျိုးဆက်သစ်များအတွက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို လက်ဆင့်ကမ်းပေးနိုင်ရန် ယနေ့တိုင်းရင်းသားပြည်သူများအနေနှင့် အသိတရားနှင့်ယှဉ်ကာ သတိတရားနှင့် ဆောင်ရွက်ကြရင်း တိုင်းပြည်ကို ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ ကာကွယ်စောင့်ရှောက်ကြရန် အရေးကြီးလှပေတော့သည်။ ။

အလှဖြာဝေ သာသည့်မြေ

❍ မြစ်ငယ်ချောင်းငယ်၊ အသွယ်သွယ်တို့
ယှက်နွယ်ဝေဖြာ၊ ပေါင်းဆုံလာ၍
ဧရာဝတီ၊ နဒီမော်ကွန်း
တင့်ရှုန်းလှစွာ၊ ပေါ်ထွက်လာသို့
မျိုးချာဆွေရင်း၊ ဒို့သွေးချင်းတို့
ရိုင်းပင်းညီညာ၊ ပေါင်းဆုံလာသော်
မြန်မာဟူဘိ၊ မျိုးဂုဏ်ရှိ၍
သတ္တိအရာ၊ မယှဉ်သာအောင်
ကမ္ဘာနှံ့သိ ကျော်ကြား၏။
❍ မြန်မာဟူသည်၊ တည်ကြည်စိတ်ဓာတ်
မြင့်မြတ်နှလုံးသား၊ ရိုးသားဖြူစင်
ခင်မင်တတ်စွာ၊ စေတနာဖြင့်
ပျူငှာယဉ်ကျေး၊ အနေအေးလည်း
မလေးမစား၊ တရားမဲ့စွာ
ကျူးကျော်လာမူ၊ ရန်ဟူသမျှ
ဆုံးမချေမှုန်း၊ ပျက်ကျေပြုန်းအောင်
စုရုံးညီညာ၊ တွန်းလှန်လာခဲ့
ညီညာစိတ်ဓာတ်၊ မြင့်မြတ်စိတ်ထား
ထင်ရှားခဲ့ပေ၊ ပင်လုံမြေသည်
သက်သေအရာတည်ခဲ့၏။
❍ အို မြန်မာတို့၊ ညီညာပေါင်းဆုံ
ပင်လုံစိတ်ဓာတ်၊ မြင့်မြတ်ခိုင်ကျည်
ဒို့စွမ်းရည်ဖြင့်၊ ဒို့ပြည်ထောင်စု
ဖွံ့ဖြိုးမှုကို၊ ရှေးရှုကာပင်
ခရီးနှင်လော့၊ ပိတ်ပင်ဆီးတား
မတရားသူ၊ ရန်ဟူသမျှ
တွေ့ကဖယ်ခွင်း၊ နုတ်ပယ်ရှင်းမှ
အလှဖြာဝေ၊ သာသည့်မြေလျှင်
အခြေမြင့်မား၊ ဒို့စွမ်းအားဖြင့်
ဝင့်ကြွားဂုဏ်ထည် နိုင်လိမ့်တကား။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ညွန့်လှိုင်ဝင်း(ကွမ်းခြံကုန်း)

ပြင်သစ်ပိုင် ပိုလီနီးရှားကျွန်း၌ အော်လီဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်

ဝယ်လင်တန် ဖေဖော်ဝါရီ ၈

တောင်ပစိဖိတ်ဒေသရှိ ပြင်သစ်ပိုင် ပိုလီနီးရှားကျွန်းတွင် ဖေဖော်ဝါရီ ၄ရက် ညပိုင်းက အော်လီ အပူပိုင်း ဆိုင်ကလုန်း မုန်တိုင်း တိုက်ခတ်မှုကြောင့် လူပေါင်းများစွာ ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရပြီး ကမ္ဘာလှည့် ခရီးသွားများသည် ယာယီတဲများအတွင်း ခိုလှုံခဲ့ရသည်။

မြင့်တက်လာ

လေတိုက်နှုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ ထိ မြင့်တက်လာပြီး ရေလှိုင်းများခုနစ်မီတာအမြင့်ထိ ဖြစ်ပေါ်သဖြင့် ခရီးသွားလာမှုအားလုံး ရပ်ဆိုင်းပြီး လမ်းပေါ်ရှိယာဉ်အတွင်း၌ နေကြရန် ဒေသခံများအား တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သောကြာနေ့တွင် ရေဒီယိုနယူးဇီလန်က ဖော်ပြသည်။

စွန့်ခွာခဲ့ရ

တဟီတီ၏ ပင်မကျွန်း ကမ်းရိုးတန်းအနီးနေထိုင်သော ပြည်သူအများအပြားသည် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာခဲ့ရပြီး ထိခိုက်ဒဏ်ရာရရှိမှုသတင်းများကို ဖော်ပြခြင်းမရှိပေ။

အော်လီ ဆိုင်ကလုန်းမုန်တိုင်းသည် တူဘိုင်နှင့် မာတူရာ ကျွန်းများဆီသို့ တစ်နာရီလျှင် ကီလိုမီတာ ၂၀ နှုန်းဖြင့် ရွေ့လျားလျက်ရှိသည်။ လေတိုက်နှုန်းသည် တစ်နာရီလျှင် ၁၇၅ ကီလိုမီတာထိ မြင့်တက်လာပြီး တစ်နာရီလျှင် ကီလိုမီတာ ၂၅၀ ထိ ရောက်ရှိနိုင်သည်ဟု မိုးလေဝသဌာနက ခန့်မှန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပြင်သစ်ပိုင် ပိုလီနီးရှားကျွန်း၌ အော်လီ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် အပျက်အစီးများကို ဖေဖော်ဝါရီ ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တောင်ပိုင်း၌ ဗုံးဖောက်ခွဲတိုက်ခိုက် အရပ်သားနှစ်ဦး သေဆုံး

ကန်ဒါဟာ ဖေဖော်ဝါရီ ၈

အာဖဂန်နစ္စတန်နိုင်ငံရှိ မတည်ငြိမ်သော တောင်ပိုင်းဒေသတွင် ဖေဖော်ဝါရီ ၅ရက်က ဗုံးဖြင့် တိုက်ခိုက်မှုကြောင့် အရပ်သားနှစ်ဦးသေဆုံးပြီး ၂၆ဦး ဒဏ်ရာရရှိသည်။

ဟဲလ်မန်ပြည်နယ် မြို့တော်လက်ရှ်ကာဂါ်ဒ် ပြည်သူများအား စောင့်ကြပ်နေသည့် တပ်ဖွဲ့များအနီး ထောင်ထားသော ဗုံးတစ်လုံးကို စစ်သွေးကြွများက အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနသို့ပြောကြားသည်။

အခင်းဖြစ်ပွားရာနေရာသို့ ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ကာ သံသယရှိသူများကို ရှာဖွေလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆူဒန်နိုင်ငံရှိ လူဦးရေထက်ဝက်ခန့် အစာရေစာပြတ်လပ်လျက်ရှိနေဟုဆို

ဂျူဘာ ဖေဖော်ဝါရီ ၈

တောင်ပိုင်းဆူဒန်နိုင်ငံတွင် နေထိုင်သော လူဦးရေ၏ထက်ဝက်ခန့်မှာ အစာရေစာပြတ်လပ်မှုဒုက္ခနှင့် ရင်ဆိုင်ကြုံတွေ့နေကြရကြောင်း၊ အကြောင်းမှာ ယင်းဒေသတွင် တင်းမာမှုပဋိပက္ခတိုက်ပွဲများ ဖြစ်ပွားနေခြင်း၊ မိုးခေါင်ရေရှား ဖြစ်နေခြင်းများကြောင့်ဖြစ်သည်။ အစာရေစာ အကူအညီ လိုအပ်နေသူများမှာလည်း လွန်ခဲ့သောနှစ်နှင့်နှိုင်းယှဉ်ပါက ယခုနှစ်တွင် လေးဆခန့် ပိုများလာကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက အင်္ဂါနေ့တွင် ပြောကြားသည်။

ဖော်ပြထား

ပြည်တွင်းစစ်များအပြင် ယူဂန္ဓာသူပုန်များ၏ ရုတ်တရက် တိုက်ခိုက်သိမ်းပိုက်မှုများနှင့် မိုးခေါင်ရေရှားခြင်းများသည် တောင်ဆူဒန်ရှိ လူဦးရေထက်ဝက်ခန့်အတွက် အစာရေစာ ရှားပါးမှုကိုဖြစ်ပေါ်စေကြောင်း ဆူဒန်စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီး ဆမ်ဆွန်ကေဝါဂျီ၏ အစီရင်ခံစာတွင် ရေးသားဖော်ပြထားသည်။ ရေနံထွက်ရှိသော တောင်ဆူဒန်ရှိ လူဦးရေ ၄ ဒသမ ၃သန်းသည် ရိက္ခာအကူအညီလိုအပ်လျက်ရှိရာ လွန်ခဲ့သောနှစ်ကထက် တစ်သန်းခန့်များလာကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

ပျက်စီးခဲ့ရ

မျိုးနွယ်စုများ၏ တိုက်ပွဲများကြောင့် ၂၀၀၉ခုနှစ်မှစ၍ သေဆုံးသူပေါင်း ၂၅၀၀ ကျော် ရှိလာကြောင်း အကူအညီပေးရေးအဖွဲ့များက ပြောကြားသည်။ စီးပွားရေး မဖွံ့ဖြိုးသေးသော တောင်ဆူဒန်တွင် လွန်ခဲ့သောနှစ်က အခါရာသီအလိုက် ရွာသွန်းရမည့်မိုးမှာလည်း မရွာဘဲ ခေါင်နေသဖြင့် ကောက်ပဲသီးနှံများ ပျက်စီးခဲ့ရကြောင်း အကြမ်းဖက်သမားများကြောင့် ဒေသခံ ၃၅၀၀၀၀မှာလည်း နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရပြီး ၎င်းတို့ အသက်ရှင်သန်ရေးအတွက် စားနပ်ရိက္ခာ အကူအညီများ လိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)က ပြောကြားသည်။

အင်တာနက်။

ကရာချိမြို့တွင်ဗုံးပေါက်ကွဲမှုများကြောင့် သေဆုံးသူ ၃၃ ဦးထိ တိုးလာ

ကရာချိ ဖေဖော်ဝါရီ ၈

ပါကစ္စတန်နိုင်ငံဆိပ်ကမ်းမြို့ ကရာချိတွင် ဖေဖော်ဝါရီ ၆ ရက်က ရှီးယိုက်မွတ်စလင်များအား ပစ်မှတ်ထားပြီး ဗုံးနှစ်လုံး ဖောက်ခွဲမှုကြောင့် သေဆုံးသူ စုစုပေါင်း ၃၃ ဦးထိ ရှိလာကြောင်း စနေနေ့တွင် ပြည်နယ်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။

တောင်ပိုင်းဆင်းပြည်နယ် ကျန်းမာရေးဝန်ကြီးက ဒဏ်ရာပြင်းထန်သူများ အနက် ဆေးရုံ၌ ထပ်မံသေဆုံးရသူများ ရှိကြောင်းဆိုသည်။ အစိုးရနှင့် ပုဂ္ဂလိက ဆေးရုံများ၌ ဒဏ်ရာရရှိသူ ၁၆၇ ဦးရှိပြီး ၈၉ ဦး၏ အခြေအနေသည် အသက်အန္တရာယ် စိုးရိမ်နေရဆဲဖြစ်ကြောင်း ပြောကြားသည်။

အမ်အေဂျင်နတ်လမ်း၌ ရှီးယိုက်မွတ်စလင်များအား တင်ဆောင်လာသော ဘတ်စ်ကားတစ်စီးအနီး ဗုံးတပ်ဆင်ထားသော မော်တော်ဆိုင်ကယ်ဖြင့် တိုက်ခိုက်မှုကြောင့် အမျိုးသမီးနှင့် ကလေးများအပါအဝင် ၁၃ ဦး သေဆုံးခဲ့သည်။

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများကို ဆေးကုသရန် ခေါ်ဆောင်လာစဉ် မြို့၏အဓိကဆေးရုံ အရေးပေါ်ဌာန၌ ဗုံးပေါက်ကွဲမှု ထပ်မံဖြစ်ပွားရာ ၁၂ဦး သေဆုံးခဲ့သည်။

ပထမဗုံးပေါက်ကွဲပြီး နှစ်နာရီအကြာ၌ ဗုံးပေါက်ကွဲမှု ထပ်မံဖြစ်ပွားခြင်းဖြစ်သည်။

လူဦးရေ သန်း ၁၈၀ ရှိသော နိုင်ငံ၏ စီးပွားရေးအချက်အချာကျသော မြို့တော် ကရာချိတွင် အဓိကဈေးများအားလုံးနှင့် လမ်းများပေါ်တွင် ယာဉ်အသွားအလာ ပိတ်ထားခဲ့ရသည်။ ကရာချိမြို့တက္ကသိုလ်နှင့် အခြားပညာရေးဆိုင်ရာ တက္ကသိုလ်များမှ စာမေးပွဲများကိုလည်း ရွှေ့ဆိုင်းခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ ဂျင်နတ်ဆေးရုံ အပြင်ဘက်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာနေရာအား ဖေဖော်ဝါရီ ၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကလေးများကို ပြန်ပေးဆွဲမှုဖြင့် အမေရိကန် ၁၀ ဦး ထောင်ဒဏ်နှစ်ရှည် ကျဖွယ်ရှိ

ပေါ်တိုပရင့်စ် ဖေဖော်ဝါရီ ၈

မြေငလျင်ဒဏ် ဆိုးရွားစွာခံစားခဲ့ရသော ဟေတီနိုင်ငံမှ ကလေး ၃၃ဦးကို တရားမဝင် ခိုးထုတ်ခြင်းအတွက် ကလေးပြန်ပေးဆွဲမှု၊ ပူးပေါင်းကြံစည်မှုတို့ဖြင့် စွဲချက်အတင်ခံနေရသော အမေရိကန်သာသနာပြုအဖွဲ့ဝင် ၁၀ ဦးသည် တရားရုံးတွင် အမှုရင်ဆိုင်ရန် အချုပ်ခန်းတွင် အချိန်ကြာမြင့်စွာ နေကြရမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု အိုင်ဒါဟိုအခြေစိုက်စေတနာရှင်အဖွဲ့တစ်ဖွဲ့မှ၁၀ဦးကိုအရွယ်မရောက်သေးသူများအားပြန်ပေးဆွဲမှုကျူးလွန်သော အဖွဲ့အစည်းအဖြစ် ကြာသပတေးနေ့တွင်တရားစွဲဆိုခဲ့သည်ဟု ၎င်းတို့၏ရှေ့နေအက်ဝင်ကော့ကပြောကြားခဲ့သည်။ စောစောပိုင်းက ၎င်းတို့အများစုကို လွှတ်ပေးမည်ဟူသော မျှော်လင့်ချက်များမှာ ပျက်စီးသွားခဲ့ရသည်။

ဟေတီဥပဒေက ရှေ့နေများကို အမှုအကြောင်းရေးဆွဲရန် သုံးလမျှ အချိန်ပေးထားသဖြင့် ဖမ်းဆီးထားခြင်းခံရသည်မှာ တစ်ပတ်ကျော်ပြီဖြစ်သော အမျိုးသားငါးဦး၊ အမျိုးသမီးငါးဦးသည် ရုံးမတင်မီ အချိန်ကြာမြင့်စွာ ချုပ်နှောင်ခံရဖွယ်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်အနောက်တောင်ပိုင်း၌ ပိတ်မိနေသော အလုပ်သမားရှစ်ဦးအား ကယ်တင်နိုင်

ဂူယန် ဖေဖော်ဝါရီ ၈

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ဂူကျိုပြည်နယ်၌ ပြိုကျခဲ့သော ရထားဥမင်လိုဏ်အတွင်း ပိတ်မိနေသည့် အလုပ်သမားရှစ်ဦးအား ယမန်နေ့မွန်းလွဲပိုင်းက ကယ်တင်နိုင်ခဲ့သည်။

ကယ်ဆယ်ရေးအဖွဲ့က သတ္တုတွင်းဥမင်အား လွန်ဖြင့်ဖောက်ကာ ဝင်ရောက်ပြီး ပိတ်မိနေသော အလုပ်သမားများကို ဥမင်လိုဏ်အပြင်ဘက်သို့ ခေါ်ဆောင်လာခဲ့ကြသည်။ ရှစ်ဦးစလုံး ကျန်းမာရေးအခြေအနေကောင်းမွန်ပြီး ကယ်ဆယ်ရေးအဖွဲ့၏အကူအညီဖြင့် လမ်းလျှောက်နိုင်ကြောင်း သိရသည်။ ၎င်းတို့အားဆေးဝါးကုသစစ်ဆေးရန်အတွက် ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

၎င်းအလုပ်သမားများသည် ဂူယန်-ကူမင်း ရထားလမ်း၏ လိုင်ပန်ရှူး-ဇန်ရီ လမ်းပိုင်း ဒုတိယလမ်းဖောက်လုပ်နေစဉ် သောကြာနေ့ နံနက် ၁နာရီ ၂၆မိနစ်က ဥမင်လိုဏ် ပြိုကျခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ဂူကျိုပြည်နယ် လိုင်ပန်ရှူးမြို့ အနီး ဂူယန်-ကူမင်း ရထားလမ်း ဖောက်လုပ်ရေးနေရာ၌ ပြိုကျခဲ့သော ဥမင်လိုဏ်အတွင်းမှ အလုပ်သမားတစ်ဦးအား ကယ်တင်ခဲ့သည်ကို ဖေဖော်ဝါရီ ၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံ၌ လူတစ်ဦးတွင် တရားမဝင် မွေးထားသော ကျားငါးကောင် တွေ့ရှိ

ဂျကာတာ ဖေဖော်ဝါရီ ၈

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၏ အစွန်အဖျားရပ်ကွက်တစ်ခုဖြစ်သော တန်ဂျာတန်နေ လူတစ်ဦး၏ အိမ်နောက်ဖေးကွက်လပ်တစ်ခု၌ တရားမဝင်မွေးမြူထားသော ကျားငါးကောင်ကို အာဏာပိုင်များက ကြာသပတေးနေ့တွင် တွေ့ရှိခဲ့သည်ဟု စနေနေ့ သတင်းများ၌ ဖော်ပြထားသည်။

တရားမဝင်

အင်ဒိုနီးရှားဥပဒေအရ အဆိုပါ ကျားများကို ပိုင်ဆိုင်ထားခြင်းသည် တရားမဝင်ကြောင်းသစ်တောရေးရာဝန်ကြီးဌာနမှ သစ်တောကာကွယ်စောင့်ရှောက်ရေးဌာန၏ ညွှန်ကြားရေးမှူး အော်ရီယာအီဗရာဟင်၏ ပြောကြားချက်ကို ကိုးကား၍ ဂျကာတာဂလုပ်သတင်းဌာနက ဖော်ပြသည်။

၎င်းဆုမတြားကျားအမျိုးအစားအရေအတွက်သည် ကမ္ဘာပေါ်တွင် ကောင်ရေ ၄၀၀ထက်မပိုတော့ပေ။ အထူးသဖြင့် သစ်တောများခုတ်လှဲမှုကြောင့် ၎င်းတို့နေထိုင်ကျက်စားရာတောများယုတ်လျော့လာသည့်အတွက်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲအပြီးတွင် ဆုရရှိကြသော တင်းနစ်သမားများနှင့် ရန်ကုန်မြို့တော်ဝန်၊ အား/ကာ ညွှန်ချုပ်၊ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့နှင့်အတူ တွေ့ရစဉ်။ (တင်းနစ်အဖွဲ့ချုပ်)

အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ကကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ်၊ အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြသန်းထိုက်က အမျိုးသားအသက် ၆၀ နှင့် အထက် တစ်ဦးချင်းပြိုင်ပွဲ၌ ပထမနှင့် ဒုတိယရရှိသူတို့အားလည်းကောင်း၊ မြန်မာ့လက်ရွေးစင် တင်းနစ် အားကစားသမားဟောင်း ဦးသန်းထွတ် က အမျိုးသား ၅၅ နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲ၌ ပထမနှင့် ဒုတိယရရှိကြသူ တို့အားလည်းကောင်း ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ၅၅နှစ် အထက် နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယရရှိကြသော အတွဲများ၊ အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမနှင့် ဒုတိယရရှိသော အတွဲများ၊ ပူးတွဲတတိယရရှိကြသော အတွဲများအား ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက ၃၅ နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယရရှိကြသူများ၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမနှင့် ဒုတိယရရှိသော အတွဲများ၊ ၄၅ နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမနှင့် ဒုတိယရရှိကြသူတို့အားလည်းကောင်း၊ အဝေးသင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်ခင်အေးက အမျိုးသမီး အလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသူတို့အား လည်းကောင်း ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတင်းနစ် အဖွဲ့ချုပ်နာယက၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမျိုးသား အလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယ ရရှိကြသူတို့အား ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။

၂၀၁၀ ခုနှစ် မြန်မာပြည်တံခွန်စိုက် တင်းနစ်ပြိုင်ပွဲကိုဖေဖော်ဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ အဆိုပါ တင်းနစ်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားမောင်/မယ်များသည် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိမ်ရာအဆောက်အအုံပြပွဲ ၂၀၁၀ တွင်
Champion Construction Materials Co.,Ltd.
ပြခန်းခင်းကျင်းမှုအလှဆုံး ဂုဏ်ပြုဆုရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၅ ရက်မှ ၈ ရက်အထိ ကျင်းပသော Housing & Building 2010 ပြပွဲတွင် ဝင်ရောက်ပြသခဲ့သော (Member of Naing Group) Champion Construction materials Co.,Ltd. ပြခန်းခင်းကျင်းမှု အလှဆုံး ဂုဏ်ပြုဆုရရှိခဲ့ရာ IEMS-MD ဦးသက်လွင်ရွှေက ဂုဏ်ပြုဆုကို Deputy General Manager ဒေါ်မူမူဆန်းအား ပေးအပ်သည်။ **(အောက်ယာပုံ)**

Champion ပြခန်းကို Naing Group ၏ Myanmar New Generation Design က ရေးဆွဲပေးခဲ့ပြီး Champion ဝန်ထမ်းများက ပြခန်းကို အကောင်းဆုံးကြိုးစား ဖန်တီးပုံဖော် ပေးခဲ့ကြသည်။

အဓိကထား

ပြပွဲတွင် Champion ၏ ထူးခြားချက်မှာ ပစ္စည်းရောင်းချရေးကို ဦးစားမပေးဘဲ နိုင်ငံခြားမှတင်သွင်းသည့် ဈေးနှုန်းချိုသာသော အရည်အသွေးမြင့် Champion Product အသစ်များအကြောင်းကို ပြည်သူတို့ ကောင်းစွာနားလည် သဘောပေါက်စေရေးကို အဓိကထားခဲ့ကြောင်း။

ပြပွဲတွင် မလေးရှားနိုင်ငံထုတ် Whit Horse ကြွေပြားနှင့် ကျောက်ပြား၊ စင်ကာပူနိုင်ငံမှ Toilet & Busin, Tap ware, steel security Doors & Stainless Steel Doors elevator ၊ ထိုင်းနိုင်ငံထုတ် Steel Tank ၊ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံထုတ် ABS & PVC-Doors များကို ၁၇ ရာခိုင်နှုန်း မှ ၃၆ ရာခိုင်နှုန်းထိ အထူးလျှော့ဈေးများအပြင် အိမ်အရောက်ပို့စနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

Champion ပစ္စည်းများကို Show Room(1) ရန်ကင်းမြို့နယ် မိုးကောင်းလမ်း အမှတ်(၂) စကားဝါအိမ်ရာ ဖုန်း-၄၀၀၅၆၃၊ ၄၀၀၅၆၄၊ ၄၀၀၅၆၅၊ Show Room(2) အမှတ်(၄၀၈)၊ သိမ်ဖြူလမ်း၊ ဖုန်း-၂၀၀၂၉၀၊ မန္တလေးဆိုင်ခွဲ အမှတ်(၃၃) (၇၈)လမ်း၊ (၃၄)လမ်းနှင့် (၃၅) လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၃၄၈၈၊ ၀၉-၅၀၄၂၅၈၃၊ နေပြည်တော်ဆိုင်ခွဲ အမှတ်(၁/၆၈)၊ ဗိုလ်တောက်ထိန်လမ်း၊ မင်္ဂလာရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား ဖုန်း-၀၆၇-၂၁၄၅၄ များ၌ ဆက်သွယ် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

Horizon Open စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၈

အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် Horizon Sports Academy တို့ ပူးပေါင်းကျင်းပသည့် ဒုတိယအကြိမ် Horizon Open စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် ညနေပိုင်းက ဦးဖိုးစိန်လမ်းရှိ Horizon Sports Academy တွင် ကျင်းပသည်။

ဆုများပေးအပ်

ဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အသက် ၁၂ နှစ်အောက် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အသက် ၁၅ နှစ်အောက် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အသက် ၁၈ နှစ်အောက် အမျိုးသားပြိုင်ပွဲ၊ အလွတ်တန်း အမျိုးသမီးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား Horizon International Education Center ဒါရိုက်တာ Mr.Omer၊ ကျောင်းအုပ်ကြီး Mr.Yilmaz၊ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် အမှုဆောင် ဦးချန်ဟိန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးတင်ဝင်းက ဒုတိယတန်းပြိုင်ပွဲနှင့် အသက် ၄၅ နှစ်အထက်ပြိုင်ပွဲ ဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အလွတ်တန်း အမျိုးသားပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ အဆိုပါ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၆ ရက်နှင့် ၇ ရက်တို့တွင် ကျင်းပခဲ့ပြီး အားကစားသမား ၁၈၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

(ကြေးမုံ)

ပါကေးကြမ်းခင်းခြင်း သင်တန်း ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်သည့် မြန်မာ့နည်းပညာနှင့် အပြည်ပြည်ဆိုင်ရာ ကြမ်းခင်းခြင်း နည်းပညာတို့ပါဝင်သော ပါကေးကြမ်းခင်းခြင်း သင်တန်းကို ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၅ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၆)ရပ်ကွက် ပင်လုံလမ်းရှိ သစ်အခြေခံနည်းပညာသင်တန်းကျောင်း၌ ဖွင့်လှစ်မည်ဖြစ်ရာ မည်သူမဆို အသက်အကန့်အသတ်မရှိ တက်ရောက်နိုင်ကြပြီး တက်ရောက်လိုပါက ဖေဖော်ဝါရီ ၁၈ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းရုံး ဖုန်း-၂၁၄၈၃၈၊ ၂၁၄၈၃၉၊ ၂၁၄၈၄၀ နှင့် သစ်အခြေခံနည်းပညာ သင်တန်းကျောင်း ဖုန်း-၅၈၁၃၇၀ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဒိုင်း ပြည်နယ်နှင့်တိုင်း (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဘယ်သူ့ပိုင်လိုမလဲ

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ပြည်နယ်နှင့် တိုင်း ဘောလုံးပြိုင်ပွဲသည် သက်တမ်းအရှည်ကြာဆုံး အားပေးမှုနှင့် စိတ်ဝင်စားမှုအရှိဆုံး ပြိုင်ပွဲဖြစ်သည်။ ဘောလုံးရွှေခေတ်မှ ယနေ့ ဆုကြေးစားခေတ်အထိ နိုင်ငံ့လက်ရွေးစင်အများဆုံး မွေးထုတ်ပေးခဲ့သော ပြိုင်ပွဲကြီးလည်းဖြစ်သည်။ ပြည်နယ်နှင့် တိုင်း ဘောလုံးပြိုင်ပွဲများမှ နိုင်ငံ့လက်ရွေးစင်အဆင့်ထိ တက်လှမ်းခဲ့သော တိုင်းရင်းသားညီအစ်ကို ဘောလုံးသမား အချို့ကိုလည်း တွေ့ရပေသည်။ ဥပမာ-တင်ဌေး(ကရင်)၊ စိုးမိုးကျော်(ကချင်)၊ အာသိုင်း(ကယား)၊ လာကျဲအိုလွယ်(ချင်း)၊ ဂိုးမောင်မောင်ညွန့်(ရခိုင်)၊ တင်အောင်မိုး၊ ရွှေဘော်၊ စိုင်းကက်နက်၊ ရဲထွန်း(ရှမ်း)၊ ကျော်သောင်း၊ ငွေဘော်၊ ကိုကိုကြီး၊ ရောဘတ်ရင်ကျော်၊ အောင်ခင်၊ အုန်းသွင်(မွန်) စသူတို့မှာ ကျွန်တော်မှတ်မိသလောက် တိုင်းရင်းသားညီအစ်ကို ဘောလုံးသမားများသာ ဖြစ်ပါသည်။

ယင်းအစဉ်အလာကြီးမားသော ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲကြီးမှာ (၅၅)ကြိမ်တိုင်ခဲ့ပြီဖြစ်ရာ ယခုပြိုင်ပွဲကြီးကို ဧရာဝတီတိုင်းအတွင်း ဇုန်လေးဇုန်ခွဲပြီး ယှဉ်ပြိုင်စေခဲ့ရာ (ဃ) အုပ်စု မြောင်းမြဇုန်တွင် တစ်အုပ်စုတည်းကျခဲ့သော အသင်းနှစ်သင်းဖြစ်ရုံသာမက အထက်မြန်မာပြည် အိမ်နီးချင်းညီအစ်ကို တိုင်းနှစ်တိုင်းဖြစ်သော မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွေ့ဆုံသော ပြိုင်ပွဲဖြစ်၍ ဘောလုံးအားကစားဝါသနာရှင်များ စိတ်ဝင်စားမှုအရှိဆုံးနှင့် အကြိုက်တွေ့မည့် ပြိုင်ပွဲကြီးဖြစ်သည်။

ပြိုင်ပွဲတစ်လျှောက်ဖြတ်သန်းခဲ့မှုများကို ကြည့်လျှင် မန္တလေးတိုင်းအသင်းအနေဖြင့် (ဃ) အုပ်စု မြောင်းမြဇုန်တွင် စစ်ကိုင်းတိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ရှမ်း(မြောက်)အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ရှမ်း(အရှေ့)ကို ခုနစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး ဒုတိယအဆင့်အုပ်စု ပတ်လည်ပြိုင်ပွဲသို့ တက်ရောက်ခဲ့ပါသည်။ ဒုတိယအဆင့်အုပ်စု ပတ်လည်ပြိုင်ပွဲတွင် ကချင်ပြည်နယ်ကို နှစ်ဂိုး-ဂိုးမရှိ၊ မကွေးကို ဂိုးမရှိသရေ၊ မွန်ပြည်နယ်ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ အုပ်စုပထမရပြီး ဒုတိယအကြို ဗိုလ်လုပွဲတွင် ဧရာဝတီတိုင်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ခြင်း ဖြစ်သည်။

မန္တလေးတိုင်းအသင်းတွင် ရဲလင်းဦး (ဂိုး)၊ ဇေယျာထွန်း (ဂိုး)၊ ကိုကိုဝင်း၊ အောင်ကျော်ဖြိုး၊ နိုင်နိုင်မင်း၊ မျိုးဟိန်း၊ သီဟ

သတင်းမှတ်စု - ဇော်မင်းအောင် (၁၀၇)

ကိုကိုဦး၊ ရဲကိုဦး၊ ညီညီမင်း၊ စိုးကျော်ကျော်၊ အောင်မင်းသိန်း၊ ဟိန်းသီဟဇော်၊ လှိုင်မင်းထွန်း၊ အောင်မျိုးဆွေ၊ ဇင်လင်းအောင်၊ ရဲဝင်းမြင့်၊ ဇော်လင်းအောင်၊ ဝင်းခိုင်ဦး၊ သက်နိုင်၊ ဖြိုးမောင်မောင်ဦးတို့ပါဝင်ပြီး နည်းပြချုပ်အဖြစ် ဦးခင်မောင်တင့်၊ လက်ထောက်နည်းပြများအဖြစ် ဦးကျော်ကျော်၊ ဦးဇော်ဝင်း၊ ဦးဘဦးနှင့် ဦးကိုကိုတို့ ပါဝင်လာကြသည်။

စစ်ကိုင်းတိုင်းအသင်းအနေဖြင့် (ဃ)အုပ်စုမြောင်းမြဇုန်တွင် မန္တလေးတိုင်းအသင်းကို တစ်ဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ကာ ရှမ်း(အရှေ့)ကို ခြောက်ဂိုး-ဂိုးမရှိ၊ ရှမ်း(မြောက်)ကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲသို့ တက်ရောက်ခဲ့ပြီး ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းနှင့် နှစ်ဂိုးစီသရေ၊ ဧရာဝတီတိုင်းကို လေးဂိုး-တစ်ဂိုး၊ ကရင်ပြည်နယ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ အုပ်စုပထမဖြင့် ပထမအကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီး ပထမအကြိုဗိုလ်လုပွဲတွင် မကွေးတိုင်းအသင်းကို အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။

စစ်ကိုင်းတိုင်းအသင်းတွင် (ဂိုး)ကျော်ကိုကို၊ (ဂိုး) ကျော်ဖြိုးသူ၊ (ဂိုး)ဝင်းနိုင်ဦး၊ မျိုးမင်းထွန်း၊ သက်နွေအေး၊ ဇင်ဗိုလ်ဝင်း၊ ဝေဖြိုးလွင်၊ ပြည့်ဖြိုးအောင်၊ ဆန်းဇော်ထူး၊ ဇင်ဗိုလ်ဗိုလ်နိုင်၊ ချစ်ကိုထွေး၊ ဘိုဇေကို၊ အောင်စိုးမိုး၊ ညီညီထွန်း၊ စိုးပိုင်သွေး၊ မင်းချစ်သူ၊ အောင်ဇေယျာဟိန်း၊ ခိုင်ငြိမ်းဇော်၊ ငြိမ်းချမ်းအောင်တို့ ပါဝင်ကြပြီး နည်းပြချုပ်အဖြစ် တင်မျိုးအောင် (မြန်မာ့လက်ရွေးစင်ဟောင်း)နှင့် လက်ထောက်နည်းပြအဖြစ် သန်းဝေ (မြန်မာ့လက်ရွေးစင်ဟောင်း)တို့ဖြစ်သည်။

ယနေ့ ဖေဖော်ဝါရီ ၉ ရက်တွင် ဧရာဝတီတိုင်း ပုသိမ်မြို့ ပြည်သူ့အားကစားကွင်းကြီးတွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းက ပြည်ထောင်စုဒိုင်းကြီးကို မန်းတောင်ရိပ်ကို ‘ခို’ ခိုင်းလေမလား။

စစ်ကိုင်းတိုင်းအသင်းကပဲ အုပ်စုတွင်းရှုံးကြွေးကို ပြန်ဆပ်ပြီး မန္တလေးကိုဖြတ်ကျော်ကာ သလ္လာမြေအထိ ပြည်ထောင်စုဒိုင်းကြီးကို သယ်သွားမလားဆိုတာ စောင့်ကြည့်ရအောင်လားဗျာ. . . .။

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အမျိုးသားအလွတ်တန်းပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

မြောက်ပိုင်းစွန်းဒေသများ ကွက်ကျားမိုးရွာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်ရခိုင်ပြည်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** လွိုင်လင်မြို့တွင် (-၁) ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင် သုညဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့၊ နမ့်စန်မြို့၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့နှင့် အမ်းမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ ပူတာအိုမြို့နှင့် မိုးကုတ်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ရီဝါ ၉ ရက် ညနေထိ ခန့်မှန်းချက်။ ။ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

(၆၃)နှစ်မြောက်
ပြည်ထောင်စုနေ့
ဂုဏ်ပြု
ကြိုဆို

❖ မောင်မောင်ထွေး(သတင်းစဉ်) ၏
"တပ်မတော်အစိုးရလက်ထက် ဘက်စုံဖွံ့ဖြိုးတိုးတက်လာသော ပြည်ထောင်စုပန်းခင်းကြီးထဲက သာစွဝှာနေ ရာမည၊မြေ" (သတင်းဆောင်းပါး)စာမျက်နှာ - ၁၊ ၆၊ ၇

❖ ကြယ်စင်နိုင် ၏ "လက်ဆင့်ကမ်းအမွေ ပြည်ထောင်စုမြေ" (ဆောင်းပါး) စာမျက်နှာ - ၈၊ ၉

❖ ကိုကိုသက်(ထားဝယ်) ၏ "အေးတူပူမျှ နေကြချစ်ကြည် စည်းလုံးညီ" (ကဗျာ) စာမျက်နှာ - ၉

❖ ညွှန့်လှိုင်ဝင်း(ကွမ်းခြံကုန်း) ၏ "အလှပြာဝေ သာသည့်မြေ" (ကဗျာ) စာမျက်နှာ - ၉

❖ ကျော်သူဟိန်း ၏ "သမိုင်းပေးသင်ခန်းစာ" (ကာတွန်း) စာမျက်နှာ - ၈၊ ၉

မီးဖို မီးကြွင်း မီးကျန် သတိပြုရန် နှိုးဆော်ချက်

- သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်း မီးကျန်မှုတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲပြုလုပ်ရန်။
- သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ်(Main Switch)တို့ကို ချထားပြီးမှ အပြင်သို့ထွက်သွားခြင်းအား သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။
- မီးဖို မီးကြွင်း မီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။